ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 June 2023 ၁၁၁၃၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မုန်တိုင်းဒဏ်သင့်ဒေသများအတွင်း စားရေရိက္ခာများဖူလုံစေရေး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရေလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများသွက်လက်မြန်ဆန်စွာ ပြန်လည်စတင်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်

စစ်တွေ ဇွန် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

## ယနေ့ ဖတ်စရာ

**ဝန်ကြီးဌာနပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် မိမိတို့နိုင်ငံ၏ ဘောလုံးအားကစားအဆင့်အတန်း မြင့်မားရေးကို များစွာ အထောက်အကူပြု**

စာမျက်နှာ » ၅



**ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ**

တွေ့ဆုံမေးမြန်း
စာမျက်နှာ » ၆

**မြို့ပေါ်ရပ်ကွက်တွေမှာ ရွှေ့လျားဆေးခန်းတွေဖွင့်တာ၊ သွေးလွန်တုပ်ကွေးနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေအတွက် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်သွားဖို့ရှိပါတယ်**

စာမျက်နှာ » ၁၀

**၂၀၂၃ ခုနှစ် ဇွန်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်**

စာမျက်နှာ » ၃

**မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် CMP ပစ္စည်းများ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်**

စာမျက်နှာ » ၄

ကြေးမုံ

# ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်မွေး စားရေးလိုအပ်ချက်ဖြည့်ဆည်း

ပြည်သူများအတွက် နေ့စဉ်လူမှုဘဝလိုအပ်ချက်မှာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသင့်တင့်စွာဖြင့် အဆင်ပြေလွယ်ကူစွာ ဝယ်ယူစားသောက်ရေးဖြစ်သည်။ မြန်မာနိုင်ငံသည် ရေမြေသဘာဝ၊ ရေခံမြေခံကောင်းများရှိပြီးဖြစ်၍ ပြည်သူများ စားရေးအတွက် နေ့စဉ်လိုအပ်သည့် စားရေရိက္ခာများကို စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ လုံလောက်စွာထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။

သို့သော် သား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်မှအစ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့မှာ လက်ရှိတွင် ဈေးနှုန်းများမြင့်တက်လာသည်ကိုတွေ့ရှိရသည်။ အကြောင်းရင်းမှာ အဆင့်ဆင့်သောသယ်ယူပို့ဆောင်စရိတ်များနှင့် အဆင့်ဆင့်သော ပြန်လည်ရောင်းချသည့် ဈေးနှုန်းများပိုလာသဖြင့် စားသုံးသူလက်ဝယ်တွင် ဈေးနှုန်းများ လိုသည်ထက်ပိုမိုများလာသည်ကိုတွေ့ရသည်။ သာဓကအားဖြင့် ရန်ကုန်မြို့တော်သို့ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမှ ကြက်ဥများ၊ ပဲခူးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ဘဲဥများ တင်ပို့ရောင်းချရာတွင် ကျသင့်နိုင်သည့် သယ်ယူပို့ဆောင်စရိတ်များထက် စားသုံးသူသို့ ပြန်လည်ရောင်းချပေးသည့် ဈေးနှုန်းများမှာ များစွာကွာခြားနေသည်ကိုတွေ့ရသည်။

ထုတ်လုပ်ရောင်းချသည့်ဈေးနှုန်းနှင့်သယ်ယူပို့ဆောင်စရိတ်ထက် လက်လီ၊ လက်ကား ပြန်လည်ရောင်းချသောဈေးနှုန်းများ ပိုမိုတင်၍ရောင်းချကြသဖြင့် စားသုံးသူပြည်သူများမှာ ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူစားသုံးနေရသည်။ အမှန်တကယ်တွင် ပင်ရင်းဈေးနှုန်းနှင့်သယ်ယူပို့ဆောင်စရိတ်ထပ်ပေါင်းပြီး သင့်တင့်လျောက်ပတ်သောအမြတ်အစွန်းဖြင့် ရောင်းချမှသာ သမ္မာအာဇီဝကျပေမည်။ ထို့ကြောင့် စားသောက်ကုန်ဈေးနှုန်းများ ထိုက်သင့်သည့်ဈေးနှုန်းထက် ပိုမိုဈေးတင်ရောင်းချနေမှုများကို စိစစ်ကြပ်မတ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဒေသအလိုက် ပိုမိုထုတ်လုပ်နိုင်ရန် နိုင်ငံတော်အစိုးရက လုပ်ငန်းရှင်များနှင့်အတူ စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းတို့အပြင် အခြားစိုက်ပျိုးမွေးမြူရေးဇုန်များနှင့် ပုဂ္ဂလိကစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများရှိသည်။ အလားတူ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း စိုက်ပျိုးမွေးမြူရေးဇုန်များနှင့် ပုဂ္ဂလိကစိုက်မွေးလုပ်ငန်းများရှိသည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မိမိတို့ဒေသများတွင် လုံလောက်အောင် စိုက်ပျိုးမွေးမြူထုတ်လုပ်ရောင်းချခြင်းဖြင့် အဆင့်ဆင့်သော ကုန်ကျစရိတ်များ သက်သာမည်ဖြစ်သည်။ မိမိတို့ဒေသတွင် ထွက်ရှိမှုမလုံလောက်သဖြင့် အခြားဒေသများမှတစ်ဆင့် ဝယ်ယူရောင်းချခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်အပြင် သယ်ယူပို့ဆောင်ရေးစရိတ်များနှင့် တစ်ဆင့်ပြန်လည်ဝယ်ယူရောင်းချမှုများကြောင့် စားသောက်ကုန်ဈေးနှုန်းများ မြင့်မားလာခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဒေသအလိုက်ကွင်းဆင်း၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဒေသတွင်း၌ ဖူလုံပိုလျှံအောင် ထုတ်လုပ်နိုင်ရေး တွန်းအားပေးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ပြည်သူလူထုအနေဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို နေ့စဉ် မဖြစ်မနေ ဝယ်ယူစားသုံးနေရသောကြောင့် အခြေခံစားကုန်များ ဈေးနှုန်းမြင့်မားမှုမရှိစေရေးကို နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစာများနှင့် ဓာတ်မြေဩဇာလိုအပ်ချက်ကို ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ထုတ်လုပ်နိုင်သည်။ ထိုသို့ထုတ်လုပ်နိုင်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းသက်သာလာမည်ဖြစ်သည်။

အထူးသဖြင့် လူဦးရေထူထပ်များပြားသော ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်မခံရစေရေးအတွက် ဒေသအတွင်းရှိ ကုန်ထုတ်စွမ်းအားများဖြင့် ဆောင်ရွက်ရန်နှင့် ပြည်ပမှတင်သွင်းမှုကို သက်သာသောဈေးနှုန်းများဖြင့်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အချို့ဒေသများတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဈေးများတွင် နေ့စဉ်ဒေသထွက် ဆန်၊ ဆီ၊ ငါး၊ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားနှင့်ဟင်းသီးဟင်းရွက်များကို လက်လီအဆင့်ဆင့်မရှိဘဲ ဒေသခံပြည်သူများ သက်သာသောနှုန်းထားဖြင့် ကိုယ်တိုင်စိုက်ပျိုး၊ ကိုယ်တိုင်မွေးမြူထုတ်လုပ်သူများမှ တိုက်ရိုက်ရောင်းချပေးလျက်ရှိ၍ ပြင်ပဈေးနှုန်းများထက် များစွာသက်သာသဖြင့် ဒေသခံပြည်သူများ စိတ်ချမ်းသာအဆင်ပြေနေကြသည်။

သို့ဖြစ်ရာ ပြည်သူများ နေ့စဉ်စားသုံးနေသည့် စားသောက်ကုန်များ အဆင်ပြေလွယ်ကူစွာသက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဒေသအလိုက်အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်ဒေသအလိုက် ကိုယ်တိုင်စိုက်ပျိုးမွေးမြူသူများက ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်အောင် စေတနာထားဆောင်ရွက်ပေးနေမှုများကို ကြိုဆိုလိုက်ရပါကြောင်း။ ။

## ပါဠိပထမပြန်ပြဋ္ဌာန်းကျမ်းစာများ သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသော ပါဠိပထမပြန်စာမေးပွဲ ဘာသာပြန်ကျမ်းစာ ဇာတကအဋ္ဌကထာကို ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

(က) ပထမငယ်တန်းအတွက် ကုလာဝကဝဂ်အစမှ ဣတ္ထိဝဂ်၊ အနဘိရတိဇာတ် အဆုံးအထိ (ဇာတ်ပေါင်း-၃၅)

( ခ ) ပထမလတ်တန်းအတွက် ဒုကနိပါတ်၊ ကာသာဝဝဂ်အစမှ တိကနိပါတ်၊ ဥဒပါနဝဂ် အဆုံးအထိ (ဇာတ်ပေါင်း-၆၀)

( ဂ ) ပထမကြီးတန်းအတွက် ဧကာဒသကနိပါတ်အစမှ ပကိဏ္ဏကနိပါတ် အဆုံးအထိ (ဇာတ်ပေါင်း-၄၂)

## မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်သံအမတ်ကြီးအဖြစ် မစ္စတာ ဂူစထာဗို ရော်ချာ ဒီ မင်နင်းဇီးစ် အား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇွန် ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရာဇီးလ်သံအမတ်ကြီးအဖြစ် မစ္စတာ ဂူစထာဗို ရော်ချာ ဒီ မင်နင်းဇီးစ် အား ခန့်အပ်ရန် ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂူစထာဗို ရော်ချာ ဒီ မင်နင်းဇီးစ် ကို ၁၉၆၇ ခုနှစ် မတ်လ ၄ ရက်တွင် ဘရာဇီးလ်နိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် Pontifical Catholic University မှ စီးပွားရေးဘွဲ့ကိုလည်းကောင်း၊ Institute of Internatio-nal Relations မှ နိုင်ငံတကာဆက်ဆံရေး မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တတိယအတွင်းဝန်အဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ လန်ဒန်မြို့၊ ဆန်တီယာဂိုမြို့၊ ပေကျင်းမြို့နှင့် ရောမမြို့တို့ရှိ ဘရာဇီးလ်သံရုံးများ၌လည်းကောင်း၊ ဘာစီလိုနာမြို့ရှိ ဘရာဇီးလ် ကောင်စစ်ဝန်ချုပ်ရုံး၌လည်းကောင်း သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပေါ်တူဂီစကားပြောနိုင်ငံများ အသိုက်အဝန်းဆိုင်ရာ ဘရာဇီးလ်အဖွဲ့ရုံး၌ သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး၏အစိုးရအဖွဲ့ ဒုတိယအကြီးအကဲနှင့် ကျန်းမာရေးဝန်ကြီး၏ ဝန်ကြီးရုံးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ **သတင်းစဉ်**

## မြောင်းမြမြို့တွင် ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်၍ အသိပညာပေး

**မြောင်းမြ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်၍ ဇွန် ၁၈ ရက်တွင် မြောင်းမြမြို့အတွင်းရှိ ဈေးများတွင် ပလတ်စတစ် မသုံးစွဲရနေ့အား သိရှိလိုက်နာကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ အသိပညာပေးခြင်းကို မြောင်းမြမြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိဈေးများတွင် အသားငါးများ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများရောင်းချရာတွင် ပလတ်စတစ်အိတ်အစား စက္ကူ၊ ငှက်ပျောရွက်၊ ကြာဖက်၊ အင်ဖက်များဖြင့် အစားထိုးသုံးစွဲရောင်းချကြရန် အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၂၆၆ | ၃,၆၇၁,၄၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၁၀ | ၇၂,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၄၅၀ | ၁,၀၅၂ | ၁,၅၂၈,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၄၅၀ | ၆ | ၁၄,၉၅၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁ | ၂,၄၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၁၅ | ၁,၀၃၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဒေသအလိုက် ခန့်အပ်တာဝန်ပေးထားသည့် တပ်မတော်အရာရှိကြီးများလည်း အွန်လိုင်းစနစ်ဖြင့် အစည်းအဝေးသို့ တက်ရောက်ကြကြောင်း၊ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများအပြင် ထောက်ပံ့ကူညီပံ့ပိုးပေး စေလိုသည်များကို ပွင့်လင်းစွာရှင်းလင်းဆွေးနွေးတင်ပြကြစေလိုကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများအတွင်း စားရေရိက္ခာများဖူလုံစေရန် စီမံဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရေလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများသွက်လက်မြန်ဆန်စွာ ပြန်လည်စတင်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ရေတိုရေရှည်နှင့် ဦးစားပေးဆောင်ရွက်ရမည့်အစီအမံများ ချမှတ်ကာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မိုခါမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများဖြစ်သော အသားစားကြက်၊ ဥစားကြက်၊ ဆိတ်၊ နွားမွေးမြူရေး၊ ရေလုပ်ငန်းနှင့်ပတ်သက်သည့် ပုစွန်၊ ကဏန်းပျော့၊ ငါးနှင့် ပုစွန်မျိုးသားပေါက် မွေးမြူရေးစသည့် လုပ်ငန်းများတွင် ပျက်စီးဆုံးရှုံးမှုများအပေါ် ကူညီပံ့ပိုးပေးစေလိုသည့် အခြေအနေများအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်၊ ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်သည့် စာရင်းဇယားများ တိကျမှန်ကန်စွာပြုစုတင်ပြရန်နှင့် ဆက်လက်ဆောင်ရွက်လိုသည့် အစီအမံများကို တစ်ပါတည်း ပြုစုတင်ပြပေးကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ခေတ်နှင့်အညီ နည်းပညာများ အသုံးပြု၍ ဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုများအတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်နိုင်သည်များကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း စိစစ်မှုများ ပြုလုပ်ကာ လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ ငါးဖမ်းလုပ်ငန်းများတွင်လည်း ပျက်စီးဆုံးရှုံးသွားသည့် လှေ၊ ငါးဖမ်းပစ္စည်းများအား ပြန်လည်ပြုပြင်နိုင်သည်များကို အမြန်ဆုံးပြုပြင်ပြီး လုပ်ငန်းခွင်အမြန်ဆုံး ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အလုံးစုံပျက်စီးသွားသည့် လုပ်ငန်းသုံးပစ္စည်းများကို စိစစ်ပြီး ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အခက်အခဲများရှိပါက တင်ပြဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်လွှတ်တော်သို့ ရောက်ရှိကြပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၊ ဧည့်ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၂၀**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် MERCURY FORCE သင်္ဘောသည် ယနေ့ညနေပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရတို့က ပေးပို့သည့် သစ်ခွဲသားတန် ၃၀၀၊ သွပ် ၁၅၄၅၈၈ ချပ်၊ ခေါင်အုပ်သွပ်ချပ် ၉၀၂၃၀၊ သွပ်သံ ၆၉၀၅ ပိဿာ၊ အိမ်ရိုက်သံ ၇၂၆၅ ပိဿာ၊ အုတ်အလုံး ၃၀၀၀၀၊ ကရိန်းယာဉ် တစ်စီး၊ လက်တွန်းထွန်စက်အစီး ၆၀၊ အင်ဂျင်အလုံး ၆၀၊ စက်သုံးဆီပေပါ ၃၀၀၊ ရေသန့်စင်စက် ပုံး ၂၀၀၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်း ၁၁ ဒသမ ၄ တန် အပါအဝင် စုစုပေါင်း ကူညီကယ်ဆယ်ရေးပစ္စည်း ၁၄၆၃ ဒသမ ၂၈ တန် တင်ဆောင်၍ The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၃ ခုနှစ် ဇွန်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

**ရန်ကုန် ဇွန် ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှအားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ ခုနစ်ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခုနစ်ပေမှ ကိုးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ပြည်ထဲရေးဝန်ကြီးဌာန ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဖတ်ပူဇော်မှု ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဖတ်ပူဇော်မှုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် ပြိုင်ပွဲဝင် ဝတ်ရွတ်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**မှာကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက ယခုကဲ့သို့ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဖတ်ပူဇော်မှုပြိုင်ပွဲ ယှဉ်ပြိုင်ပူဇော်ရခြင်း၏ ရည်ရွယ်ချက်မှာ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်တို့ကို ပါဠိ၊ ပါဠိသား၊ အသံထွက်မှန်မှန်နှင့် ကြည်ညိုဖွယ်ရာ ပူဇော်တတ်စေရန်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲကျင်းပရခြင်း၊ ရွတ်ဆိုပူဇော်ရခြင်းသည် လောကီလောကုတ္တရာ နှစ်ဖြာအတွက် များစွာအကျိုးများသဖြင့် ကိုယ်အား၊ ဉာဏ်အား၊ သက်ဝင်ယုံကြည်မှုအပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း မှာကြားပြီး ပြိုင်ပွဲဝင် ဝတ်ရွတ်အသင်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။



အဆိုပါ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဖတ်ပူဇော်မှုပြိုင်ပွဲကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဝတ်ရွတ်အသင်းများမှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ပါဝင်ရွတ်ဖတ်ပူဇော် ပြိုင်ပွဲဝင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇွန် ၂၀ ရက်မှ ဇူလိုင် ၁၂ အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျူဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျူဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်းအမှတ်စဉ်(၁/၂၀၂၃)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပသည်။



**သင်ကြားပို့ချပေးသွားမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သင်တန်းသားများအနေဖြင့် မိမိတို့မသိသေးသည့် အချို့သော နည်းစနစ်များ၊ အယူအဆ၊ အတွေးအခေါ်များကို All Japan Judo Federation မှ ဂျပန်နည်းပြဆရာ Mr. HIRRANUMA YAMATO က ယခုသင်တန်းတွင် သင်ကြားပို့ချပေးသွားမည်ဖြစ်၍ နည်းပြများအတွက် အထူးအခွင့်အရေးတစ်ရပ်ဖြစ်ပြီး ရက်တိုသင်ကြားရသည့်အတွက် စိတ်ပါဝင်စားစွာဖြင့် လိုက်နာသင်ကြားကြရန်လိုကြောင်း၊ စွမ်းရည်ပြည့်ဝသည့် နည်းပြဆရာများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည့်အတွက် ယခုသင်တန်းတက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ တာဝန်ကျရာနေရာဒေသများတွင် အခြေခံကောင်းမွန်ပြီး ဝါသနာပါသည့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်အတွက် မိမိတို့ကိုယ်တိုင်အရည်အချင်းပြည့်ဝ၍ ထူးချွန်ထက်မြက်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သည့် နည်းပြဆရာကောင်းများဖြစ်အောင် ကြိုးစားပြုမူနေထိုင်သွားကြရန် အထူးမှာကြားလိုကြောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂျူဒိုနည်းပြနှင့်ဒိုင်လူကြီးသင်တန်းအမှတ်စဉ် (၁/၂၀၂၃)သင်တန်းကို ၂၀၂၃ ခုနှစ် ဇွန် ၂၀ ရက်မှ ဇူလိုင် ၁ ရက်အထိ သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၁၁ ဦး စုစုပေါင်း ၄၀ ဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ကုန်သွယ်/စီးပွား

# မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် CMP ပစ္စည်းများ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်

**မြဝတီ ဇွန် ၂၀**

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့မှုရှိသည်။

**ဝယ်လိုအား မြင့်တက်နေ**

လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ နှမ်း၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ကြက်သွန်နီ၊ ပြောင်း၊ မန်ကျည်းသီး၊ ကွမ်းသီး၊ ဒန့်သလွန်သီးစေ့၊ ဆီးဖြူသီးခြောက်၊ နနွင်း၊ မိဿလင်၊ ရှားစောင်းပင်ခြောက်နှင့် ဖန်ခါးသီးခြောက်တို့ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများမှာ ခုံး၊ ခရု၊ ပုစွန်၊ ငါးမြွေထိုး၊ ကဏန်းအရှင်၊ ငါးခွေးလျှာ၊ သဲကဏန်း၊ ဝသုံးလုံးကဏန်း၊ ငါးသလောက်နှင့် ငါးခားလွယ်တို့ဖြစ်ပြီး CMP တင်ပို့မှုမှာ အမျိုးသား အမျိုးသမီး ဝတ်အထည်အလိပ်များ တင်ပို့လျက်ရှိသည်။ ယခုအခါ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများကို တွင်ကျယ်စွာ ဆောင်ရွက်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန်လိုအပ်ချက်ကြောင့် ဝယ်လိုအား မြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။


သွင်းကုန်အနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ငါးဖမ်းကိရိယာ၊ စားသောက်ကုန်ပစ္စည်း၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ အထည်အလိပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ တိရစ္ဆာန်အရှင် (ဘဲသားပေါက်)၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ဆေးနှင့် ဆေးပစ္စည်း၊ အိမ်သုတ်ဆေး၊ လူသုံးကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ အားကစားပစ္စည်း၊ ယန္တရားအပိုပစ္စည်း၊ စက်ဆီ/ ချောဆီ၊ အလှကုန်ပစ္စည်းနှင့် ဓာတ်မြေဩဇာတို့ တင်သွင်းလျက်ရှိသည်။

**စီးပွား/ကူးသန်း**

# တာချီလိတ်မြို့၌ (၉၇)ကြိမ်မြောက် မြန်မာ-ထိုင်း နယ်စပ်ကော်မတီ မြို့နယ်အဆင့်အစည်းအဝေးပြုလုပ်

**တာချီလိတ် ဇွန် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၉၇) ကြိမ်မြောက် မြန်မာ-ထိုင်း နယ်စပ်ကော်မတီ မြို့နယ်အဆင့် TBC အစည်းအဝေးကို နှစ်နိုင်ငံမှ တာဝန်ရှိသူများက ဇွန် ၁၉ ရက် နံနက်ပိုင်းက 1G1 ဟိုတယ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံ နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေဆိုင်ရာကိစ္စရပ်များ၊ မယ်ဆိုင်ချောင်းရေအား ပူးတွဲအသုံးပြုရေးကိစ္စရပ်များ၊ မယ်ဆိုင်ချောင်းရေကြီး၊ ရေလျှံရာတွင် ကြိုတင်သိရှိနိုင်ရေးအတွက် အချက်ပေးကိရိယာတပ်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တောမီးရှို့ခြင်းနှင့် မီးခိုးမြူငွေ့ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ ယှဉ်တွဲကျေးရွာ တောင့်တင်းခိုင်မာ စီမံချက်အနေဖြင့် နှစ်နိုင်ငံနယ်စပ်ရှိ ကျေးရွာများအား ပညာရေး၊ ကျန်းမာရေး၊ အားကစားကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မယ်ဆိုင်ချောင်းအတွင်း တရားမဝင် ဖြတ်သန်း၍ မော်တော်ယာဉ်များ သယ်ဆောင်နေသည့်ကိစ္စရပ်များ၊ တာချီလိတ်ခရိုင်နှင့် ချင်းရိုင်ခရိုင်ကြား မူးယစ်ဆေးဝါးများ တရားမဝင် လမ်းကြောင်းမှ တင်ပို့နေမှုများ၊ လက်နက်ခဲယမ်းများ တရား မဝင် သယ်ဆောင်သည့် ကိစ္စရပ်များအပါအဝင် မြန်မာနိုင်ငံမှ ဆွေးနွေးရမည့်အချက် ၃၈ ချက်နှင့် ထိုင်းနိုင်ငံမှ ဆွေးနွေးရမည့်အချက် ၁၈ ချက်အား နှစ်ဖက်နိုင်ငံမှ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇွန် ၂၀

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဇွန် ၁၉ ရက်က ကျင်းပသော မြန်မာနိုင်ငံဆိုင်ရာအလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အဖွဲ့သည် ယနေ့ ည ၈ နာရီ ၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဝန်ကြီးဌာနပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် မိမိတို့နိုင်ငံ၏ ဘောလုံးအားကစားအဆင့်အတန်းမြင့်မားရေးကို များစွာအထောက်အကူပြု



နေပြည်တော် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ၊ တက္ကသိုလ်များဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြုတက္ကသိုလ်ဘောလုံးအသင်းမှ အားကစားသမားများကို ယနေ့တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြု တက္ကသိုလ်ဘောလုံးအသင်းမှ အသင်းအုပ်ချုပ်သူ၊ အသင်းနည်းပြနှင့် ဘောလုံးအားကစားသမားများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားအဆင့်အတန်းမြင့်မားခြင်းသည် နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးမှုကို ထင်ဟပ်စေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် အားကစားကဏ္ဍမြှင့်တင်ခြင်းကို အထူးအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် 2023 SEA Games တွင် အမျိုးသမီးဘောလုံးအသင်း အပါအဝင် မြန်မာအားကစားအဖွဲ့များအနေဖြင့် အောင်မြင်မှုများစွာ ရရှိခဲ့ကြောင်း၊ ဘောလုံးအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်မှအားပေးဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာနပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ စသည်ဖြင့် ဘောလုံးအားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ ထိုသို့ ကျင်းပပေးခြင်းသည် မိမိတို့နိုင်ငံ၏ ဘောလုံးအားကစားအဆင့်အတန်းမြင့်မားရေးကို များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း။

ယခုကျင်းပမည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ၊ တက္ကသိုလ်များဘောလုံးပြိုင်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးနှင့်ဆေးပညာနှီးနွှယ် တက္ကသိုလ်များမှ ဘောလုံးအားကစားသမားများ ပါဝင်ကြမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြု တက္ကသိုလ်ဘောလုံးအသင်းတစ်သင်းအဖြစ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားနည်းအမျိုးမျိုးကို မိမိတို့ဝါသနာပါရာ နှစ်သက်ရာအလိုက် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ သက်ဆိုင်ရာ ဆေးပညာရပ်တွင်သာမက အားကစားတွင်ပါ ထူးချွန်သည့် ဘက်စုံတော်သော မျိုးဆက်သစ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဆေးနှင့်ဆေးပညာနှီးနွှယ် တက္ကသိုလ်များတွင် ဘောလုံး၊ ရေကူး၊ ဘတ်စကက်ဘော၊ ကြက်တောင် စသည့် အားကစားနည်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် တက္ကသိုလ်များအကြား ဘောလုံးပြိုင်ပွဲများ ပိုမိုဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားပြု တက္ကသိုလ်ဘောလုံးအသင်းမှ အသင်းအုပ်ချုပ်သူ၊ အသင်းနည်းပြနှင့် ဘောလုံးအားကစား သမားများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ၊ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၄ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ




**နေပြည်တော် ဇွန် ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်စီမံကိန်းဆိုင်ရာ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အမှာစကား ပြောကြားပြီး နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးမျိုးက စီမံကိန်းရန်ပုံငွေ လွှဲပြောင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာ ၁၅ ရွာအတွက် ခွင့်ပြုငွေကျပ် သန်း ၄၁၀ ကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကျေးရွာ ၄၆ ရွာအတွက် ခွင့်ပြုငွေကျပ်သန်း ၆၉၀ နှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း ကျေးရွာလေးရွာအတွက် ခွင့်ပြုငွေကျပ်သန်း ၁၅၀ တို့ကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်တူးဖော်ခြင်း၊ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မည့် လုပ်ငန်းများကို မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ ပြည်သူလူထုများနှင့် တွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ကန်တော်မင်္ဂလာရှမ်းကန် သဲနုန်းတူးဖော်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီအမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ မြို့မိမြို့ဖ ဦးလှမြင့်နှင့် ဦးပြည့်ဖြိုးအောင်တို့က ကန်တော်မင်္ဂလာရှမ်းကန်အတွင်းရှိ ရေလယ်ဘုရားကျောင်းဆောင်၊ ရှင်ဥပဂုတ္တကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကန်တော်မင်္ဂလာရှမ်းကန်ကို သာယာလှပ၍ အများပြည်သူ လာရောက်အပန်းဖြေအနားယူနိုင်သည့် ပျဉ်းမနားမြို့၏ အထင်ကရနေရာတစ်ခုအဖြစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ယခုလို ရေကန်ပြန်လည်တူးဖော်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ရေလယ်ဘုရားကျောင်းဆောင်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို Green City၊ Clean City၊ Smart City အဖြစ် ဆောင်ရွက်လျက်ရှိရာတွင် ပျဉ်းမနားမြို့၏ ကျက်သရေဆောင် ကန်တော်မင်္ဂလာရှမ်းကန်ကြီးကို သန့်ရှင်းသာယာလှပပြီး အများပြည်သူ စိတ်လက်အပန်းဖြေနားနေရာတစ်ခုအဖြစ် ထာဝရတည်ရှိရန်အတွက် ပြည်သူလူထုကလည်း ဝိုင်းဝန်းလှူဒါန်းပြီး ထိန်းသိမ်း စောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀၀ ကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ကိုယ်စား လှူဒါန်းရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း - ဝင်းဝင်း

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင် စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဖော်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်–

**မေး။** ။ မိုခါမုန်တိုင်း တိုက်ခတ်မှုနဲ့ပတ်သက်ပြီး ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအနေနဲ့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုကို သိရှိလိုပါတယ်။

**ဖြေ။** ။ ကျွန်တော်တို့ လုပ်ငန်းကော်မတီအနေနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွေဖြစ်တဲ့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းစဉ်နဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေအတိုင်း ထိရောက်မြန်ဆန်စွာဆောင်ရွက်လျက်ရှိပါတယ်။

**ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်အနေနဲ့** မုန်တိုင်းသတင်းအတည်ပြုပြီးနောက် Disaster Management Center (DMC) စတင်ဖွဲ့စည်းဆောင်ရွက်တဲ့ မေလ ၈ ရက်နေ့က စတင်ပြီး မိုခါမုန်တိုင်းကြောင့် လမ်း၊ တံတား၊ အဆောက်အအုံပျက်စီးမှုတွေ ဖြစ်ပေါ်လာပါက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဌာနအစီအမံနဲ့ သဘာဝဘေးကြောင့်ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာရင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် စက်/ ယာဉ်ယန္တရားတွေကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာ စက်/ယာဉ်ယန္တရားတွေ ၂၁၀၀ ကျော်ကို ကြိုတင်စုဖွဲ့ထားရှိခဲ့ပါတယ်။

ဒါ့အပြင် မုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ပြီး တံတားပျက်စီးမှုတွေ ဖြစ်ပေါ်လာရင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေဖို့ ဘေလီတံတားတွေ အလျင်အမြန်တည်ဆောက်နိုင်ဖို့ ဘေလီအရှည် ၅၂၄၈ ပေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် ကြိုတင်စုစည်းပြင်ဆင်ထားရှိခဲ့ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ် အသီးသီးက ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းတွေကိုလည်း အသင့်အနေအထားဖြစ်စေဖို့ သတိပေးတပ်လှန့်ဆောင်ရွက်ခဲ့ပြီး အဓိကအနေနဲ့ မုန်တိုင်းဝင်ရောက်နိုင်ဖွယ်ရှိတဲ့ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးက ဝန်ထမ်းတွေကို ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေ ပိုမိုဆောင်ရွက်စေခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ Disaster Management Center (DMC) ရုံးမှာလည်း ညွှန်ကြားရေးမှူးတစ်ဦး အပါအဝင် ရုံးအဖွဲ့တစ်ဖွဲ့ကို မေလ ၈ ရက်နေ့ကနေ ဒီနေ့အထိ တွဲဖက်ထားရှိပြီး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။** ။ အရေးပေါ် တုံ့ပြန်ခြင်း လုပ်ငန်းစဉ်တွေကိုလည်း ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ။ မုန်တိုင်းတိုက်ခတ်ပြီး မေလ ၁၄ ရက်နေ့က စတင်ကာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့တဲ့ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားနဲ့ အခြားအခြေခံအဆောက်အအုံ ပျက်စီးဆုံးရှုံးမှုတွေကို ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ မုန်တိုင်းဒဏ်ကြောင့် စစ်တွေ–ပလ္လင်ပြင်လမ်းပေါ်ရှိ သဲချောင်းတံတား ပျက်စီးခဲ့တဲ့အတွက် ပေ ၁၄၀ အရှည် ဘေလီတံတားတည်ဆောက်ခြင်းနဲ့ ပေ ၄၀ အရှည် တံတားကို ပေ ၆၀ အရှည်ဘေလီတံတား တည်ဆောက်ခြင်းတို့ကို အလျင်အမြန်တည်ဆောက်ခဲ့တဲ့အတွက် မုန်တိုင်းတိုက်ခတ်ပြီးတစ်ပတ်အကြာမှာ တံတားနှစ်စင်းလုံးပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် စစ်တွေမြို့တွင်းမှာ သစ်ပင်ကြီးတွေ လဲကျတာ၊ ဓာတ်တိုင်တွေကျိုးတာ စတဲ့အပျက်အစီးတွေကြောင့် လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေတဲ့အတွက် ရှင်းလင်းဖယ်ရှားရေးလုပ်ငန်းကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းတွေပူးပေါင်းပြီး ဌာနပိုင်စက်ယန္တရားအစီး ၂၀ ခန့်နဲ့ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့တဲ့အတွက် တစ်ပတ်အတွင်း မြို့တွင်းဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းတွေပြီးစီးလို့ မူလအတိုင်း မြို့တွင်းမြို့ပြင် ချောမွေ့စွာသွားလာနိုင်ပြီဖြစ်ပါတယ်။




အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဖော်

ဒါ့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနပိုင် အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးမှုတွေကို ကွင်းဆင်းကြပ်မတ်ပြီး ပြင်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်းသုံးခုနဲ့ ညှိနှိုင်းပြီး အမြန်ဆုံးပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။** ။ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ ဒေသတွေမှာ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုကိုလည်း ပြောကြားပေးပါ။

**ဖြေ။** ။ **ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအနေနဲ့** မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ ပညာရေးနဲ့ ကျန်းမာရေးဆိုင်ရာအဆောက်အအုံတွေကို ဦးစားပေးပြန်လည်တည်ဆောက်နိုင်ဖို့ စီစဉ်ထားရှိပါတယ်။ ကျောင်းဖွင့်ချိန်အမီ အခြေခံပညာကျောင်းတွေ အမြန်ဆုံးပြင်ဆင်ဖွင့်လှစ်နိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ် (MLCA)၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA) တို့က ဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့တွေနဲ့ ပညာရေးဝန်ကြီးဌာနမှာ ဆောင်ရွက်နေတဲ့ ဆောက်လုပ်ရေးကန်ထရိုက်တာအဖွဲ့တွေ၊ မြို့မိမြို့ဖတွေကို ခွဲဝေတာဝန်ပေးအပ် ဆောင်ရွက်စေခဲ့ပါတယ်။

ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနဲ့ အထက်တန်းကျောင်းခွဲ ၂၈၃ ကျောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါတယ်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ အမိုးသွပ်နဲ့ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေကိုလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီခွင့်ပြုချက်နဲ့ ရခိုင်ပြည်နယ်က လိုအပ်တဲ့ဒေသတွေကို ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပျက်စီးမှုများပြားတဲ့ အချို့စာသင်ကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေ စာသင်မပျက်စေဖို့ ယာယီကျောင်းဆောင်တွေ တည်ဆောက်ပေးခြင်းနဲ့ နှစ်ချိန်ကျောင်းတွေအဖြစ် စာသင်ချိန်ခွဲခြားသင်ကြားခြင်းတွေ ညှိနှိုင်းစီမံဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက ပြုပြင်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေအနက် စစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ သူနာပြုသင်တန်းကျောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနများမှ အဆောက်အအုံ၉၀ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန

စာမျက်နှာ ၇ သို့ ✤

> **ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေအတွက် လိုအပ်တဲ့ အမိုးသွပ်နဲ့ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေကိုလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီခွင့်ပြုချက်နဲ့ ရခိုင်ပြည်နယ်က လိုအပ်တဲ့ဒေသတွေကို ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပျက်စီးမှုများပြားတဲ့ အချို့စာသင်ကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေ စာသင်မပျက်စေဖို့ ယာယီကျောင်းဆောင်တွေ တည်ဆောက်ပေးခြင်းနဲ့ နှစ်ချိန်ကျောင်းတွေအဖြစ် စာသင်ချိန် ခွဲခြားသင်ကြား ခြင်းတွေ ညှိနှိုင်းစီမံဆောင်ရွက်**



ရန်ကုန်တိုင်းဒေသကြီးရှိ အသင့်စုစည်းထားရှိသော စက်/ယာဉ်ယန္တရားများကို တွေ့ရစဉ်။



စစ်တွေ–ပလ္လင်ပြင်လမ်းပေါ်ရှိ ဘေလီတံတားဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



လောကာနန္ဒာဘုရားပတ်ဝန်းကျင် ရှင်းလင်းနေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။



ဘေလီတံတားအစားထိုးဆောင်ရွက်ခြင်းကို တာဝန်ရှိသူများ လမ်းညွှန်မှာကြားစဉ်။

❖ စာမျက်နှာ ၆ မှ

အဆောက်အဦ အထူးအဖွဲ့ ငါးဖွဲ့က ဆောင်ရွက်တာမှာ ဇွန်လ ၉ ရက်နေ့အထိ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပြီး ကျန်ရှိတဲ့ရခိုင်ပြည်နယ် မြို့နယ် ၁၆ မြို့နယ်အတွင်းက ဆေးရုံနဲ့ ဆေးပေးခန်း စုစုပေါင်း ၄၁၇ လုံးကို မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ် (MLCA)၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA) တို့က တာဝန်ခွဲဝေဆောင်ရွက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာတွေက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိတာမှာ ဇွန်လ ၉ ရက်နေ့အထိ ၄၈ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါတယ်။ ကျန်ရှိတဲ့လုပ်ငန်းတွေကို အမြန်ပြီးစီးနိုင်ဖို့ ဆက်လက်တွန်းအားပေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အဆောက်အအုံတွေဖြစ်တဲ့ စစ်တွေမြို့ ဗုဒ္ဓပြတိုက်နဲ့ ယဉ်ကျေးမှုပြတိုက်အပါအဝင် အဆောက်အအုံ ခုနစ်လုံး ပြင်ဆင်ခြင်းလုပ်ငန်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့တွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။** ။ ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။

**ဖြေ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ရသေ့တောင် စတဲ့မြို့နယ်တွေကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး သက်ဆိုင်ရာပညာရေး၊ ကျန်းမာရေးဌာနတွေနဲ့ ညှိနှိုင်းပေါင်းစပ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တွေကလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပြီး ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတွေအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ။



စစ်တွေပြည်သူ့ဆေးရုံကြီး မွေးခန်းနှင့်မွေးလူနာဆောင် အမိုးမိုးခြင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်အတွင်းရှိ အသင့်စုစည်းထားသော ဘေလီနှင့်ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှုအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန်ပန်ချောင်းရပ်ကွက်သို့သွားရောက်၍ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ပိတ်ဆို့နေသော စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ပြန်လည်ဆယ်ယူတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့အပြင် ငလပွေ့ရပ်ကွက်ရှိ ငလပွေ့ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက်ရှိ ဝိမလလမ်းနှင့် မြို့လယ်ရေနုတ်မြောင်းအတွင်းရှိ အမှိုက်များကင်းစင်ရေးနှင့် ရေစီး/ရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် မြို့သစ်ရပ်ကွက်ရှိ ဦးဥတ္တမခန်းမ၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ၁၆ အုပ်စုတို့မှ ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အလားတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၉ ရက်တွင် အလယ်ဈေးရပ်ကွက်ရှိ မဟာပညာသီဟာရာမ ပရိယတ္တိစာသင်တိုက်နှင့် ဆင်ချဆိပ်ရပ်ကွက်ရှိ ရတနာတေဇာရမ္မ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော နဝကမ္မအဖြစ် ထောက်ပံ့ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့် မှုံးတန္နုံး၊ မောစုန်းကြီး၊ ကြက်မအိုင်အရှေ့၊ ကျောက်ပျဉ်ထောင့်နှင့် ကျောက်ဖျာကျေးရွာတို့မှ စာသင်ကျောင်းများနှင့် ဘာသာ/သာသနာ အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေများပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ တာဝန်ရှိသူများက လက်ခံရယူပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးဌာနဆိုင်ရာများ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး



ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေဝေရေလဲဒေသ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဌာနဆိုင်ရာများအား စိုက်ပျိုးမည့်ပျိုးပင်များကို ဝေငှပေးသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများက မဟော်ဂနီပင်၊ ကျွန်းပင်နှင့် ပျဉ်းကတိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဌာနဆိုင်ရာများမှ တိုင်းဦးစီးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ပျိုးပင်များအား စိုက်ပျိုးပေးကြစဉ် ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ရတနာတန်းဝင်ပင်ဖြစ်သည့် မဟော်ဂနီပင်၂၂၀၀၀၊ ကျွန်းပင်၂၅၀၀၊ ပျဉ်းကတိုးပင်၂၅၀၀ စုစုပေါင်းအပင် ၂၇၀၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



မုံရွာ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သာယာလှပရေးလုပ်ငန်း အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး မုံရွာခရိုင်၊ ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မြို့နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား အထူးပြပွဲခင်းကျင်းပြသရန်အတွက် ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရန် ခေတ္တပိတ်ထားမည်

(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ကို ၂၇.၆.၂၀၂၃ ရက်နေ့မှ ၁၈.၇.၂၀၂၃ ရက်နေ့အထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်းနှင့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)တို့အား ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

## ရေတာရှည်မြို့နယ်၌ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ပျိုးပွဲ ကျင်းပ



ရေတာရှည် ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ် အရ နေပီယာမြက် သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့တွင် တောင်နန်ချွန်ကျေးရွာ တောင်သူဦးချစ်ကို၏ လယ်ယာမြေပေါ်တွင် ကျင်းပသည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် ရေတာရှည်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးသန့်ဇင်ဝေက နေပီယာမြက်မျိုးများအား တောင်သူများထံသို့ ပေးအပ်ခဲ့ပြီး ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက မွန်ဘားဆားမြက်မျိုးစေ့များအား တောင်သူများထံသို့ ပေးအပ်ခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာများ၊ တောင်သူများစုပေါင်း၍ တိရစ္ဆာန်အစာပင်နေပီယာမြက်များ စိုက်ပျိုးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချ



ညောင်တုန်း ဇွန် ၂၀

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်အတွင်းရှိပြည်သူများ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာနရုံးရှေ့၌ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်း၍ ဆန်တစ်ပြည်လျှင်ငွေကျပ်၂၅၀၀ နှုန်း၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၂၀ နှုန်းနှင့် ဟင်းသီးဟင်းရွက် မျိုးစုံတို့ကို မြို့နယ်အတွင်းရှိ ပြည်သူများထံသို့ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လှိုင်လင်မြို့၌ ဇီဝဆိုင်ရာအချက်အလက်များ စတင်ကောက်ယူ

လှိုင်လင် ဇွန် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်လင်မြို့နယ်ဦးစီးမှူးရုံးမှ ဦးတည်အုပ်စုအလိုက် အမည်စာရင်းရယူထားသော နိုင်ငံ့ဝန်ထမ်းနှင့် မိသားစုဝင်များ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများနှင့် အသက် ၁၀ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားရှိသူ ကျောင်းသား ကျောင်းသူများ၏ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တစ်ရက်လျှင် လူဦးရေ ၇၀ နှုန်းဖြင့် ရက်ပေါင်း ၁၅၉ ရက်ကြာ ကောက်ယူမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမိုးမောင်မောင်ခင်ထံမှ သိရသည်။

ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူး ဦးသိန်းထူးအောင် ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၄-၆-၂၀၂၃) နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၀-၃-၂၀၂၃) နေ့မှ (၁၉-၅-၂၀၂၃) နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦးနှင့် အထွေထွေ ၂၆ ဦး ပေါင်း ၂၉ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၀၀ ဦး နှင့် သတင်းအေဂျင်စီ လုပ်ငန်း ၄၀၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၀၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



## ဆီဆိုင်မြို့ အခြေခံပညာကျောင်းများ၌ မူးယစ်ဆေးဝါး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဆီဆိုင် ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ အခြေခံပညာကျောင်းများ၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်တွင် မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်သည့် အသိပညာပေး ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဆောင်ပုဒ်များ၊ ဓာတ်ပုံများဖော်ပြထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ညောင်လေးပင်မြို့၌ မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ညောင်လေးပင် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ပထမဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နီနီဝင်းက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မူးယစ်ဆေးဝါး၏အန္တရာယ်၊ မူးယစ်ဆေးဝါး၏အဓိပ္ပာယ်၊ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်လာနိုင်သော ဆိုးကျိုးများအား ဓာတ်ပုံကျွမ်းကျင်-၂-(အင်အားပြ) ဦးဟိန်းသူနိုင်က အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၏ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် ၅ စောင်ကိုဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်သည်။ ယခုအခါ အောက်ဖော်ပြပါ ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ရွှေလက်ရာ စနစ်သစ် သင်ရိုးသစ် Grade-9 နဝမတန်း စာရိတ္တနှင့် ပြည်သူ့နီတိ | ဒေါ်ကြော့ကြော့ခင် (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် (ရွှေလက်ရာစာပေ) |
| ၂။ | ရွှေကျောင်းတော် စနစ်သစ် သင်ရိုးသစ် Grade-9 နဝမတန်းမြန်မာစာ | ဆရာမဒေါ်မာမာသန်း (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် (ရွှေလက်ရာစာပေ) |
| ၃။ | ရွှေလက်ရာ စနစ်သစ် သင်ရိုးသစ် Grade-9 နဝမတန်း အင်္ဂလိပ်စာ | ဦးမိုးနော် (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် (ရွှေလက်ရာစာပေ) |
| ၄။ | ရွှေကျောင်းတော် စနစ်သစ် သင်ရိုးသစ် Grade-9 SCIENCE | ဒေါ်ခင်မြတ်အောင် (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် (ရွှေလက်ရာစာပေ) |
| ၅။ | ရွှေကျောင်းတော် စနစ်သစ် သင်ရိုးသစ် Grade-9 နဝမတန်း အင်္ဂလိပ်စာ | ဆရာမကြီးပါမောက္ခ(ငြိမ်း) ဒေါ်တင်တင်ရီ | ဦးဝင်းနိုင် (ရွှေလက်ရာစာပေ) |
| ၆။ | ရွှေလက်ရာ စနစ်သစ် သင်ရိုးသစ် Grade-9 နဝမတန်း သင်္ချာ 1+2 | ဆရာမဒေါ်မင်းမင်းစိုး (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် (ရွှေလက်ရာစာပေ) |
| ၇။ | ရွှေလက်ရာ စနစ်သစ် သင်ရိုးသစ် Grade-9 နဝမတန်း မြန်မာစာ | ဦးညီဟိန်း | ဦးဝင်းနိုင် (ရွှေလက်ရာစာပေ) |
| ၈။ | စနစ်သစ်ကျောင်းသုံး သင်ထောက်ကူ | ရွှေဒါးမောင်မြင့်ထွန်း | ဦးအောင်စိုး (ခုနစ်စင်ကြယ်စာပေ) |
| ၉။ | မဇ္ဈိမဒေသတစ်ခွင် | မြင့်သူရ | ဦးမျိုးဆင့် (ရှင်မတောင်စာပေ) |
| ၁၀။ | ပန်းတံခါးအဖွင့်နှင့် အခြားဝတ္ထုတိုများ | မကြွယ်ကြွယ် | ဒေါ်သဲစုဇင် (ဆုလဲ့နန္ဒာစာပေ) |
| ၁၁။ | ရင်ထဲတွင်ရှာတွေ့သည့် ဘဝအထောက်အကူ | အရှင်နန္ဒဝံသ | ဒေါ်နွယ်နွယ်ဝင်း (ဆောင်းစုရတီစာပေ) |
| ၁၂။ | ချစ်လွန်းလို့လွှတ်လိုက်တယ် မင်းလွတ်မြောက်ပါစေ | ပါကူးဝေ | ဒေါ်နွယ်နွယ်ဝင်း (ဆောင်းစုရတီစာပေ) |
| ၁၃။ | နှလုံးသားကုဋေကုဋာ အပြုံးများဝေဝေဆာ | ကလောင်စုံ | ဒေါ်နွဲ့နွဲ့အောင် (ပန်းနုစံအိမ်စာပေ) |
| ၁၄။ | သရက်မြို့သမိုင်း | သရက်အရှင် ပညိန္ဒ(ထီးရိုး) | ဦးချစ်ညွှန့် ဇင်ရတနာစောစာပေ |
| ၁၅။ | ထို့ကြောင့်ဇဝနဟုခေါ်သည် | စံရိပ်ငြိမ်ဆရာတော် အရှင်ဇဝန(ပဲခူး) | ဒေါ်သင်းသင်းမွန် (သင်းစာပေ) |
| ၁၆။ | အချစ်ဦးရဲ့ အချစ်ဦး | နွေအိမ်မောင်ဝင်း | ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| ၁၇။ | အဝါရောင်ဂြိုဟ် | နိုရီ | ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| ၁၈။ | ချစ်သောငါ ပျော်ရွှင်ပါစေ | Min Khant | ဦးမျိုးသူစိုး (ခေတ်စာအုပ်တိုက်) |
| ၁၉။ | ပြိတ္တာဘဝကိုးဆယ့်နှစ်ကမ္ဘာ ခံစားရသူများ | ဓနုတ်ဟိဏ်းဇော် | ဦးမျိုးသူစိုး (ခေတ်စာအုပ်တိုက်) |
| ၂၀။ | မနောမယဂမ္ဘီရဇော်သဗေဒင် လျှို့ဝှက်ချက်များနှင့် တရုတ်ပညာရှိဘုရင်ကြီးဖူရှိ | ဝင်းဇော်(သစ်တော) | ဦးဝင်းဇော် (မရမ်းတလင်းစာအုပ်တိုက်) |

**ပြန်ကြားရေးဝန်ကြီးဌာန**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# မြို့ပေါ်ရပ်ကွက်တွေမှာ ရွှေ့လျားဆေးခန်းတွေဖွင့်တာ၊ သွေးလွန်တုပ်ကွေးနဲ့ ဝမ်းပျက်ဝမ်းလျှော ရောဂါတွေအတွက် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်သွားဖို့ရှိပါတယ်

ဒေါက်တာဝင်းသူရမြင့်

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊ တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ အမ်း၊ သံတွဲ၊ မာန်အောင်၊ တောင်ကုတ်၊ မြောက်ဦး၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ဂွ၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ ဘူးသီးတောင်နှင့် မြေပုံမြို့နယ်တို့အတွင်းရှိ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့ (Rapid Response Team) များ ဖွဲ့စည်းဖြန့်ကြက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေကန်များ၌ ရေသန့်ဆေးခတ်ခြင်း၊ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ ပြည်သူလူထု ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။


ဒေါက်တာဝင်းသူရမြင့်


ဦးအေးလွင်


ဒေါ်ငွေးစိန်


ဦးမောင်ကျန်လူ


ဗိုလ်ကြီးကျော်စံဝင်း

ဇွန်လ ၅ ရက်နေ့တွင် စစ်တွေမြို့ မင်းဂံရပ်ကွက်အတွင်းရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် ရေကန်များ၌ ရေသန့်ဆေးခတ်ပေးခြင်း၊ နာမကျန်းဖြစ်နေသည့်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ကို အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်ရှိကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေသည့် အခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**ဒေါက်တာဝင်းသူရမြင့် (အဖွဲ့ခေါင်းဆောင်ဆရာဝန်၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့)**

ရခိုင်ပြည်နယ်မှာ မိုခါမုန်တိုင်း မဝင်ရောက်မီအချိန်ကတည်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေ ကြိုတင်ဖွဲ့စည်းထားရှိပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ အဖွဲ့ဝင်ငါးယောက်ပါဝင်ပါတယ်။ စစ်တွေမြို့ကို မေလ ၂၈ ရက်နေ့ကတည်းက ရောက်ရှိလာပြီး ကွင်းဆင်းဆေးကုသပေးတာ၊ Mobile clinic တွေ ဖွင့်လှစ်တာ၊ ထိခိုက်ဒဏ်ရာရနေတဲ့လူနာတွေကို ကုသပေးတာ၊ မိုးတွင်းကာလဖြစ်ပွားတတ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေ၊ သွေးလွန်တုပ်ကွေးရောဂါတွေ မဖြစ်ပွားအောင် ရေသန့်ဆေးပြားတွေ ဝေတာ၊ ကလိုရင်းခတ်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေ့ကတော့ မင်းဂံရပ်ကွက်အပိုင်း (၁၀) မှာ သွေးလွန်တုပ်ကွေးနဲ့ဆိုင်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ၊ ကလိုရင်းခတ်ခြင်း လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ နေ့စဉ်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး တခြားရပ်ကွက်က ဒေသခံတွေအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ခေတ္တရောက်ရှိနေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဒီလိုကွင်းဆင်းဆောင်ရွက်တဲ့အပြင် တချို့ရက်တွေမှာ အထိုင်ချပြီး ဆေးခန်းဖွင့်လှစ်ကုသပေးတာတွေလည်းရှိပါတယ်၊ ဖျားနာကိုက်ခဲတာ၊ ဝမ်းပျက်ဝမ်းလျှောတာ၊ ယားနာဖြစ်ပွားတာတွေကိုတော့ အများဆုံးကုသပေးရပါတယ်။

ကျွန်တော်တို့တတ်နိုင်တဲ့ဘက်က အစွမ်းကုန်ကုသပေးပြီး လိုအပ်လာရင်တော့ စစ်တွေဆေးရုံကြီးကို လွှဲပြောင်းပေးရတာလည်းရှိပါတယ်။ နောက်ရက်တွေမှာလည်း မြို့ပေါ်ရပ်ကွက်တွေမှာ ရွှေ့လျားဆေးခန်းတွေဖွင့်တာ၊ သွေးလွန်တုပ်ကွေးနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေအတွက် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်သွားဖို့ရှိပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပုံမှန်အတိုင်း စဉ်ဆက်မပြတ် လည်ပတ်နိုင်တဲ့အထိ ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဦးအေးလွင် (လက်ထောက်ကျန်းမာရေးမှူး၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့)**

မိုခါမုန်တိုင်းအလွန် ရခိုင်ပြည်နယ်အတွင်း လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနိုင်ဖို့ လာရောက်တာဖြစ်ပါတယ်။ ဒီမှာက မုန်တိုင်းကြောင့် ကျန်းမာရေးအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့တဲ့အတွက် လိုအပ်တဲ့နေရာတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ကွင်းဆင်းကုသပေးနေတာဖြစ်ပါတယ်။ အဓိကအဖြစ်များတဲ့ သွေးလွန်တုပ်ကွေးနဲ့ ဝမ်းလျှောဝမ်းပျက်ရောဂါတွေကို အများဆုံးကုသမှုပေးနေပါတယ်။ အအေးမိနှာစေး ဖြစ်ပွားမှုတွေလည်းရှိသလို ဆီးချို၊ သွေးတိုးလူနာတွေကိုလည်း ကုသပေးနေပါတယ်။ လိုအပ်တဲ့ဆေးဝါးတွေကိုလည်း လုံလောက်အောင် ဖြည့်ဆည်းဆောင်ရွက်ထားရှိပါတယ်။ နယ်မြေဒေသအလိုက် ကျန်းမာရေးဝန်ထမ်းတွေနဲ့ချိတ်ဆက်ပြီးလည်း ပြည်သူတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

အလားတူ ကျောက်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများကို သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအဖွဲ့ အမှတ်(၆) နယ်လှည့်ဆေးကုသရေးအဖွဲ့က အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် စားရေရိက္ခာထောက်ပံ့ပေးလျက်ရှိသဖြင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ဇွန်လ ၁၅ ရက်နေ့တွင် တွေ့ဆုံမေးမြန်းထားပါသည်။

**ဒေါ်ငွေးစိန် (ရခိုင်ပိုက်ဆိပ်ရပ်ကွက်၊ ပြည်တော်သာရေတွင်းအနီး)**

ကျွန်မနာမည်ကတော့ ဒေါ်ငွေးစိန်ဖြစ်ပါတယ်။ ကျောက်ဖြူမြို့နယ် ရခိုင်ပိုက်ဆိပ်ရပ်ကွက် ပြည်တော်သာရေတွင်းအနီးကနေ လာရောက်ပြီး ဆေးကုသမှု ခံယူတာပါ။ မနေ့ညကတည်းက ရပ်ကွက်နေပြည်သူတွေကို နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးမယ်၊ မည်သူမဆို လာရောက်ပြသနိုင်တယ်လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးက တစ်ဆင့် အသံချဲ့စက်နဲ့ လှည့်လည်ကြေညာခဲ့လို့ ကျွန်မတို့သိရှိပြီး အခုလိုလာရောက်ပြသတာပါ။

ကျွန်မက ခဏခဏ ဒူးနာတယ်၊ ပေါင်နာတယ်၊ သွေးတိုးရောဂါရှိတယ်။ ခေါင်းမူးတယ်၊ ဆေးကို အမြဲတမ်းသောက်နေရပါတယ်။ ဆေးသောက်ရင်လည်း ခဏပဲသက်သာတယ်။ အပြင်ဆေးခန်းတွေ သွားပြမယ်ဆိုရင်လည်း ကျွန်မအနေနဲ့ ပိုက်ဆံက အဲဒီလောက်မတတ်နိုင်ဘူးလေ။ ဒါကြောင့် နယ်လှည့်ဆေးကုသအဖွဲ့တွေရောက်တုန်း အထူးကုတွေ၊ ဆရာဝန်ကြီးတွေနဲ့ လာရောက်ပြသတာဖြစ်ပါတယ်။ ဆရာဝန်နဲ့ သူနာပြုတွေက လိုအပ်တဲ့ ကျန်းမာရေးစစ်ဆေးမှုတွေကို စနစ်တကျဆောင်ရွက်ပေးပြီး ဆေးဝါးတွေကိုလည်း အခမဲ့ပေးပါတယ်။ ဒါ့အပြင် ကျွန်မတို့လို အခြေခံလူတန်းစားတွေနဲ့ ဆေးကုဖို့လာရောက်ကြသူတွေကို အခမဲ့ဆေးကုသပေးတဲ့အပြင် ဆန်နဲ့ မီးဖိုချောင်သုံးပစ္စည်းတွေကိုပါ ထောက်ပံ့ပေးလို့ နိုင်ငံတော်အကြီးအကဲတွေနဲ့ ဆရာဝန်၊ သူနာပြုတွေ၊ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်မိပါတယ်လို့ ပြောချင်ပါတယ်။

**ဦးမောင်ကျန်လူ (ဆားပြင်ကွင်း၊ ရခိုင်ပိုက်ဆိပ်ရပ်ကွက်)**

ကျွန်တော့်အမည်ကတော့ ဦးမောင်ကျန်လူဖြစ်ပါတယ်။ ကျောက်ဖြူမြို့နယ် ဆားပြင်ကွင်း ရခိုင်ပိုက်ဆိပ်ရပ်ကွက်မှာ နေပါတယ်။ အခုလို ကျွန်တော်တို့နေတဲ့ ရပ်ကွက်ကို တပ်မတော်က ဆရာဝန်ကြီးတွေ၊ အထူးကုတွေပါတဲ့ ဆေးကုအဖွဲ့ လာရောက်ဆေးကုပေးလို့ အတိုင်းမသိဝမ်းသာမိပါတယ်။ အပြင်ဆေးခန်းတွေကို ပြမယ်ဆိုရင် ကျွန်တော်တို့လို တော်ရုံလူတွေက မတတ်နိုင်ဘူးလေ။ နယ်လှည့်ဆေးကုသရေးအဖွဲ့က မုန်တိုင်းဘေးဒဏ်သင့်ခဲ့တဲ့ ရပ်ကွက်၊ ကျေးရွာနေပြည်သူတွေကို အခမဲ့ဆေးကုသပေးတယ်။ ဆေးဝါးတွေကိုလည်း အခမဲ့ပေးတယ်။ ဆေးလာကုသူတွေ အကုန်လုံးကိုလည်း ဆန်နဲ့ ပစ္စည်းတွေ ထောက်ပံ့ပေးတယ်။ နောက်နောင်လည်း မကြာခဏ လာရောက်ပြီး ကုသပေးရင်တော့

စာမျက်နှာ ၁၁ သို့ ✣


စစ်တွေမြို့ မင်းဂံရပ်ကွက်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

## ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ တပ်မတော်(ရေ)က စစ်ရေယာဉ်ဖြင့် ပို့ဆောင်



နေပြည်တော် ဇွန် ၂၀

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉မီတာကမ်းထိုးရေယာဉ်တစ်စင်းသည် ရခိုင်ပြည်နယ်အစိုးရမှ စည်သွတ်ဘူး ၁၃၅၇ ဖာ၊ ပဲဖာ ၄၅၀ နှင့် မျောတိုင် ၅၆၈ ချောင်း စုစုပေါင်း ကုန်တန်ချိန် ၃၄ တန်ကို ရေချမ်းပြင်ကမ်းထိုးရပ်မှ ဘူးသီးတောင်သို့ ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၀

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ငလပွေ့ရပ်ကွက်ရှိ ငလပွေ့ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အမှတ်(၃) ဆိပ်ကမ်းတံတားဘေးရှိ ရေဆိုးမြောင်းအတွင်း၌ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြို့တွင်းကားလမ်းမ ဝဲ/ယာ၌ သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပါဒလိတ်ကျေးရွာ၌ သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများနှင့် အောင်မင်္ဂလာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သတင်းစဉ်



မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက မအူပင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မန်ဂျန်ရှားပင် ၁၀၀၊ မဟော်ဂနီပင် ၁၀၀၊ ယူကလစ်ပင် ၅၀၊ ခရေပင် ၂၀ နှင့် စိန်ပန်းပင် ၃၀ တို့ကို စိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင်အတွင်း စက်ပျက်မျောပါနေသော ကုန်တင်ရေယာဉ်တစ်စင်းအား တပ်မတော်(ရေ)က ကူညီကယ်ဆယ်

နေပြည်တော် ဇွန် ၂၀

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် ညနေ ၄ နာရီခန့်တွင် ကျောက်ဖြူမြို့ အနောက်မြောက်ဘက် မိုင် ၃၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်အတွင်း၌ ကုန်တင်ရေယာဉ်တစ်စင်း စက်ပျက်မျောပါနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ စက်ပျက်၍ မျောပါနေသည့် MV ရွှေနန်းရှင် အမည်ရှိ ကုန်တင်ရေယာဉ်အား ရေယာဉ် အမှုထမ်း ၁၇ ဦးနှင့်အတူ တွေ့ရှိခဲ့သဖြင့် ၎င်းကုန်တင်ရေယာဉ်အား တွဲဆွဲ၍ ကျောက်ဖြူမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

✣ စာမျက်နှာ ၁၀ မှ

အတိုင်းမသိ ပိုလို့ဝမ်းသာမိမှာပါ။ အခုလို မုန်တိုင်းဒဏ်ကြောင့် အခက်အခဲတွေဖြစ်နေချိန်မှာ အဘက်ဘက်က ကူညီပေးနေတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။

**ဗိုလ်ကြီးကျော်စံဝင်း (သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအဖွဲ့ အမှတ်(၆) နယ်လှည့်ဆေးကုသရေးအဖွဲ့)**

ကျွန်တော်က သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအဖွဲ့ အမှတ် (၆) နယ်လှည့်ဆေးကုသရေးအဖွဲ့က ဗိုလ်ကြီးကျော်စံဝင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်လှည့်ဆေးကုသရေးအဖွဲ့အနေနဲ့ ကျောက်ဖြူမြို့ကို မေလ ၁၆ ရက်နေ့မှာ စတင်အခြေပြုခဲ့ပြီး မုန်တိုင်းဒဏ်သင့် ရပ်ကွက်တွေကို လှည့်လည်ပြီးတော့ အခမဲ့ဆေးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့ ဒီနေ့အထိ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့တာ ဒေသခံပြည်သူ ၁၃၈၀ ဦး ရှိသွားပါပြီ။

ဒီမှာအများဆုံးတွေ့ရတဲ့ရောဂါတွေကတော့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအကြောနဲ့ ပတ်သက်တဲ့ရောဂါတွေ တွေ့ရပါတယ်။ ဆေးကုသပေးတာကတော့ မုန်တိုင်းဒဏ်သင့်တဲ့ရပ်ကွက်၊ ကျေးရွာတွေကို သွားရောက်ကုသတယ်။ လက်ရှိအချိန်အထိ ဆေးကုခဲ့တဲ့နေရာ ခုနစ်နေရာ၊ ရှစ်နေရာလောက်ရှိပြီးတော့ ဒေသခံပြည်သူ တစ်ထောင်ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ လာရောက်ပြသကြတဲ့ လူနာတွေကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေပေးတယ်။ လူနာတွေအတွက် လိုအပ်တဲ့ဆေးဝါးတွေကို အခမဲ့ပေးတယ်။ ဒါ့အပြင် ခုနစ်ရက်စာပါတဲ့ ရိက္ခာထုပ်နဲ့ ရေသန့်တွေကိုလည်း ထောက်ပံ့ပေးခဲ့ပါတယ်။

ကျောက်ဖြူမြို့တွင် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် လေပြင်းဒဏ်ခံစားခဲ့ရသော ပြည်သူများအား ဆေးကုသမှုအခက်အခဲမရှိစေရန်အတွက် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအဖွဲ့ အမှတ် (၆) နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ခွဲစိတ်အထူးကုပါရဂူ ဗိုလ်ကြီးထင်လင်း၊ အထွေထွေရောဂါကုသမှုဆရာဝန် ဗိုလ်ကြီးကျော်စံဝင်းနှင့် သူနာပြုများပါဝင်သည့်အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ သွားနှင့်ခံတွင်းရောဂါ ခံစားနေရသူများ၊ မျက်စိဝေဒနာ ခံစားနေရသူများ၊ နာမကျန်းဖြစ်နေသူများနှင့် ကလေးသူငယ်များ လာရောက်၍ ဆေးကုသမှုခံယူလျက်ရှိသည်။ ။

# အမေရိကန်နိုင်ငံအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ကို စီးပွားရေးပိတ်ဆို့ကန့်သတ်မှုစာရင်းတွင် ထည့်မည်ဟု ထင်မြင်ချက်အမျိုးမျိုးထွက်ပေါ်နေမှုသတင်းများနှင့်ပတ်သက်ပြီး ဖြေကြားချက်




အမေရိကန်နိုင်ငံအနေနဲ့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)နဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB) တို့ကို စီးပွားရေးပိတ်ဆို့ ကန့်သတ်မှုစာရင်းမှာ ထည့်မယ်လို့ ထင်မြင်ချက်အမျိုးမျိုး ထွက်ပေါ်နေမှုသတင်းများနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလို ဖြေကြားထားပါတယ်။

ထိုင်း TVS သတင်းက ဒီနေ့ထွက်လာတဲ့ သတင်းပေါ့လေ။ အမေရိကန်အနေနဲ့ကတော့ အခုအချိန်အထိ တရားဝင်ထုတ်ပြန်တာတော့မတွေ့သေးပါဘူး။ ပထမအချက်ပြောလိုတာကတော့ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ်မှာ တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့မှုတွေ ဆောင်ရွက်လျက်ရှိတယ်။ ဒီနေ့သတင်းထွက်ပေါ်လာတာပေါ့။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) ရယ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)တွေကို စီးပွားရေးပိတ်ဆို့ကန့်သတ်မှုတွေကို အရေးတင်သွင်းမယ်ဆိုပြီး ထွက်ပေါ်လာတာပေါ့။ ဒါနဲ့ပတ်သက်ပြီး နံပါတ်တစ်အချက် ပြောလိုတာကတော့ အရင်တုန်းကလည်း အဲလိုမျိုး အရေးယူပိတ်ဆို့မှုတွေ ကြုံခဲ့ရပါတယ်။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်က နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွေကို ယခင်တုန်းကလည်း စနစ်တကျဆောင်ရွက်ပေးခဲ့တယ်။ နိုင်ငံပိုင်ဘဏ်တွေအနေနဲ့လည်း ဘဏ်လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးလျက်ရှိတယ်။ ဒီဘဏ်တွေအနေနဲ့ကတော့ အမေရိကန်အခြေစိုက်တဲ့ဘဏ်တွေ၊ ဘဏ်ခွဲတွေမှာ နိုင်ငံခြားငွေစာရင်းဖွင့်ဆောင်ရွက်နေတာမရှိဘူး။ မရှိတဲ့အတွက်ကြောင့် နံပါတ်တစ် ငွေကြေးဆုံးရှုံးမှုမရှိနိုင်ဘူး။ နိုင်ငံခြားငွေနဲ့ကုန်သွယ်ငွေပေးချေမှု ဝန်ဆောင်မှုတွေကို စနစ်တကျဆက်လက်ဆောင်ရွက်သွားပါမယ်။ နံပါတ်နှစ်အချက်ကတော့ မိဘပြည်သူတွေကိုအသိပေးလိုတာကတော့ အဲဒီထွက်ပေါ်နေတဲ့ သတင်းတွေနဲ့ပတ်သက်ပြီးတော့ ဘဏ်နဲ့ ဆက်သွယ်ဆောင်ရွက်နေတဲ့မိဘပြည်သူများ စိုးရိမ်ကြောင့်ကြပူပန်မှုမရှိဖို့ ကျွန်တော့်အနေနဲ့အသိပေးလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေကို ဘဏ်တစ်ဘဏ်တည်းကပဲ ဆောင်ရွက်နေတာမဟုတ်ဘူး။ ပြည်တွင်းပုဂ္ဂလိကဘဏ်တွေ၊ နိုင်ငံခြားဘဏ်တွေနဲ့ ဘဏ်ခွဲတွေကနေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီတို့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ နိုင်ငံခြားသုံးငွေတွေလွှဲပြောင်းတာ၊ ပေးပို့တာ လက်ခံတဲ့ကိစ္စတွေ၊ ပို့ကုန်သွင်းကုန်ကိစ္စတွေ၊ အလုပ်သမား၊ သင်္ဘောသားလုပ်ခလစာ လွှဲပို့ခြင်းကိစ္စရပ်များကို အဆင်ပြေအောင်ဆက်လက်ဆောင်ရွက်ပေးသွားမယ်။ ပူပန်စရာမလိုဘူးလို့ပဲပြောလိုပါတယ်။ လုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားပါမယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်တက်ကြွ၍ ဘက်မလိုက်တဲ့နိုင်ငံခြားရေးမူဝါဒကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၄၁ မှာပါတဲ့အတိုင်း လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ကို ကျင့်သုံးလျက်ရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ကလည်း နိုင်ငံတိုင်းနဲ့ မိတ်ဖက်ချစ်ကြည်ရေးကိုသာ ဦးတည်ဆောင်ရွက်သွားမယ်ဆိုတာကို မကြာခဏပြောကြားပြီးဖြစ်တယ်။ သူတို့ဘာကြောင့်ဆိုလဲ လေ့လာကြည့်တဲ့အခါမှာ သူတို့ရဲ့စွပ်စွဲချက်ပေါ့ဗျာ ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားငွေဝင်ရောက်မှု ကန့်သတ်ဖို့ ဒီအတွက်ရည်ရွယ်ပြီးလုပ်တယ်လို့ ပြောတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ခုနပြောတဲ့ နိုင်ငံခြားမူဝါဒအပေါ်မှာ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးရည်မှန်းချက်အနေနဲ့၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ အမြဲတမ်းပြောကြားခဲ့တယ်။ စစ်မှန်ပြည့်ဝတဲ့ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ အာမခံထားတယ်။ နောက်တစ်ချက် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံထားတယ်။ ဒီဟာကိုပဲ ကျွန်တော်တို့သွားမယ်လို့ ပြောပြီးသားဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ကတော့ ကျွန်တော်တို့ဆောင်ရွက်ခြင်းဟာ စီးပွားရေးအရ၊ နိုင်ငံရေးအရအကျပ်အတည်းဖြစ်အောင် လုပ်ဆောင်နေတာဖြစ်တယ်။ ကျွန်တော်မေးခွန်းထုတ်ချင်တာကတော့ သူတို့အနေနဲ့ နိုင်ငံသူနိုင်ငံသားတွေအားလုံးလိုလားတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်၊ ပြီးရင် ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကိုသွား မယ်လို့အတိအလင်း ပြောထားတာမဟုတ်ဘူး။ ဒီဟာနဲ့ပတ်သက်ပြီး အခက်အခဲဖြစ်အောင် ဆောင်ရွက်နေတာပဲဖြစ်တယ်လို့ ကျွန်တော်တို့အနေနဲ့ထင်တယ်။ ဒီလိုမျိုးလုပ်နိုင်ခြင်းဟာ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေလိုလားနေတဲ့ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းတဲ့နေရာမှာ မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုတွေဖြစ်စေနိုင်တယ်လို့ပဲ ကျွန်တော်မြင်ပါတယ်။



## ပုသိမ်မြို့နယ်၌ ကြွပ်ကြွပ်အိတ်မသုံးစွဲရနေ့ သတ်မှတ်ကာ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ

ပုသိမ် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းကို ဇွန် ၁၈ ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် လိုက်လံဆောင်ရွက်ခဲ့သည်။

ပုသိမ်မြို့စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း၍ ပုသိမ်မြို့ မြို့မဈေး၊ ကမ်းနားဈေး၊ အောင်ဧရာဈေး၊ အောင်သီရိဈေး၊ ဧရာမင်းဈေးနှင့်မြို့သစ်ဈေးတို့တွင်သတ်မှတ်ချက်အတိုင်းလိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိအား စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ပုသိမ်မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရပ်ကွက်နေပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး အပတ်စဉ်တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တို့တွင် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစားအင်ဖက်၊ တောင်စွန်ဖက်၊ ဗာဒံရွက်များ စသည့် ပလတ်စတစ်အစားထိုးပစ္စည်းများအသုံးပြု၍ ရောင်းချစေရေးအတွက် ပူးပေါင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဟင်္သာတမြို့နယ်၌ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

ဟင်္သာတ ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥနှင့် အသားများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချခြင်းကို ယနေ့ နံနက် ၉ နာရီက ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ပြုလုပ်သည်။

ရောင်းချပေး

ထိုသို့ရောင်းချပေးရာတွင် ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ ပူးပေါင်းကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရှိ မြို့မ ဝက်လိုင်စင်နှင့် မြို့မ အမဲလိုင်စင်တို့မှ ဝက်သား တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၁၀ ပိဿာ၊ အမဲသား တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ နှုန်းဖြင့် ၁၀ ပိဿာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဆန် ၂၅ အိတ်၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၅၀ နှုန်းဖြင့် ကြက်ဥ အလုံး ၂၀၀၀၊ မွေးမြူရေးကြက် တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀နှုန်းဖြင့် ကြက်သား ၁၀ ပိဿာတို့ကို ဝန်ထမ်းများနှင့် အများပြည်သူများ ဝယ်ယူစားသုံးနိုင်ရေးအတွက် ပြင်ပပေါက်ဈေးထက် အဖိုးနှုန်းလျှော့ချရောင်းပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## ဂွမြို့နယ်၌ မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

ဂွ ဇွန် ၂၀

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် မိုးစပါး မျိုးစေ့ထုတ်/ စံပြကွက်/စမ်းသပ်ကွက်/ အထူးဇုန်များတွင်



စိုက်ပျိုးထုတ်လုပ်ကြမည့် တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန့်ဇင်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ထွန်းလင်းနှင့် တာဝန်ရှိသူများက မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ရာ တောင်သူများက လက်ခံရယူခဲ့ကြသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် တောင်သူ ၃၅ ဦးအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် ဆင်းသွယ်လတ်မျိုးစပါး တင်း ၅၀၊ ဆင်းသုခမျိုးစပါး တင်း ၇၀၊ ပေါ်ဆန်းရင်မျိုးစပါးတင်း ၂၀ နှင့် တစ်ဧကလျှင် တစ်အိတ်နှုန်း ဖြင့် ယူရီးယားဓာတ်မြေဩဇာအိတ် ၁၄၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ထိုင်းအောက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခန့်အပ်



ဘန်ကောက် ဇွန် ၂၀

ထိုင်းနိုင်ငံ အောက်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် ၅၀၀ စလုံးကို အတည်ပြုရွေးချယ်ကြောင်း ရွေးကောက်ပွဲကော်မရှင် အထွေထွေအတွင်းရေးမှူးချုပ် Sawaeng Boonmee က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**၁၈ ပါတီ အနိုင်ရရှိ**

မေလ ၁၄ ရက် ရွေးကောက်ပွဲတွင် အတည်ပြုခဲ့သည့်မဲရလဒ်များအရ အောက်လွှတ်တော်တွင် စုစုပေါင်း နိုင်ငံရေးပါတီ ၁၈ ပါတီ အနိုင်ရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အောက်လွှတ်တော်တွင် The Move Forward Party သည် လွှတ်တော်ကိုယ်စားလှယ် ၁၅၁ နေရာဖြင့် ကိုယ်စားလှယ်နေရာအများဆုံးရရှိထားပြီး Pheu Thai ပါတီက ၁၄၁ နေရာ၊ Bhumjaithai ပါတီက ၇၁ နေရာ၊ Palang Pracharath ပါတီ က ၄၀ နေရာနှင့် United Thai Nation ပါတီက ၃၆ နေရာ အသီးသီး ရရှိခဲ့သည်။ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်များအား ရွေးချယ်တင်မြှောက်ပြီးစီးသော်လည်း တစ်နှစ်အတွင်း ၎င်းလွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်ပွဲဆိုင်ရာမသမာမှုစွပ်စွဲချက်တွေ့ရှိပါက စုံစမ်းစစ်ဆေးနိုင်သည်။

ထိုင်းဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပါလီမန်သည် ပါလီမန်အမတ်များ၏ သဘောတူညီချက်ရရှိပြီး ၁၅ ရက်အတွင်း ပါလီမန်အစည်းအဝေးကျင်းပကာ ပါလီမန် ဥက္ကဋ္ဌ ရာထူးနေရာအား မဲခွဲဆုံးဖြတ်ရမည်ဖြစ်သည်။ အောက်လွှတ်တော်မှ လွှတ်တော်အမတ် ၅၀၀ နှင့် အထက်လွှတ်တော်မှ လွှတ်တော်အမတ် ၂၅၀တို့သည် ပါလီမန်အစည်းအဝေးကျင်းပပြီး ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အသစ်ကို ရွေးချယ်မည်ဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံတွင် သဘာဝဘေးဆိုင်ရာခိုလှုံသူ ၆၂၈ ဦး ဖျားနာလျက်ရှိ

မနီလာ ဇွန် ၂၀

ဖိလစ်ပိုင်နိုင်ငံရှိ မေယွန်မီးတောင်ပေါက်ကွဲမှုအတွင်း ခိုလှုံရေးစင်တာများသို့ ရွှေ့ပြောင်းနေထိုင်သူများအနက် ဒေသခံ ၆၂၈ ဦး ဖျားနာနေကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ယနေ့ ပြောကြားသည်။

၎င်းဒေသခံများတွင် ချောင်းဆိုးခြင်း၊ အအေးမိခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားခြင်းနှင့် အရေပြားရောဂါဖြစ်ပွားခြင်းတို့ တွေ့ရှိရကြောင်း အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက မှတ်ချက်ပြုသည်။

ယင်းမီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံ ၃၉၀၀၀ နီးပါးထိခိုက်ခံစားနေရကြောင်း သိရသည်။ အယ်ဘေပြည်နယ် မေယွန်မီးတောင်အနီးတွင် နေထိုင်သော ဒေသခံရွာသား ၂၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ လက်ရှိအချိန်တွင် ယင်းပြည်နယ်အတွင်း ဘေးအန္တရာယ်အခြေအနေကြေညာထားပြီး ကယ်ဆယ်ရေးစင်တာ ၂၈ ခု ဖွင့်လှစ်ထားရှိသည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-စိုးသူရ**



# ကမ္ဘာတစ်ဝန်း တက္ကစီလေယာဉ်များ ထုတ်လုပ်လျက်ရှိ

တိုကျို ဇွန် ၂၀

ဂျာမနီနိုင်ငံမှ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ ဗိုလိုကော်ပတာသည် လူနှစ်ဦးစီးနင်းနိုင်ပြီး တစ်နာရီလျှင် ၁၁၀ ကီလိုမီတာအထိ ပျံသန်းနိုင်သည့် တက္ကစီလေယာဉ်ကို ပါရီမြို့ရှိ လေကြောင်းပြပွဲတွင် ယနေ့ ပြသခဲ့ကြောင်း သိရသည်။

ယင်းလေယာဉ်၏ တည်ငြိမ်စွာပျံသန်းနိုင်မှုစွမ်းရည်ကို ပြပွဲကြည့်ပရိသတ်များအား ပြသခဲ့သည်။ ၂၀၂၄ ခုနှစ် ပါရီအိုလံပစ်တွင် တက္ကစီလေယာဉ်များကို အသုံးပြုသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံရှိ အေအင်န်အေလေကြောင်းလိုင်းကလည်း အမေရိကန်လေယာဉ်ကုမ္ပဏီ Joby Aviation နှင့်ပူးပေါင်းကာ ဒရုန်းကဲ့သို့ ဒေါင်လိုက်ဆင်းတက်ပျံသန်းနိုင်သည့် ခရီးသည် ငါးယောက်စီးလေယာဉ်ကို ထုတ်လုပ်နိုင်ရန်ဆောင်ရွက်နေသည်။

ပြီးခဲ့သည့် သီတင်းပတ်က အိုကီနာဝါစီရင်စု၏ ဝေးလံခေါင်ဖျားသော ဒေသတွင် ဂျပန်ကုမ္ပဏီများသည် ကားပျံကို အောင်မြင်စွာ စမ်းသပ်ခဲ့သည်။

ယင်းကားပျံသည် Iheya ကျွန်းနှင့် Noho ကျွန်းကြား နှစ်ကီလိုမီတာခန့် ခရီးနှင်ခဲ့သည်။ ယင်းယာဉ်အားအိုကီနာဝါကျွန်းနှင့် ဂျပန်နိုင်ငံအကြား ဆက်သွယ်နိုင်ရေးအတွက် ပြေးဆွဲသွားမည်ဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# ၂၀၂၂ ခုနှစ်တွင် ဥရောပဒေသရှိ နိုင်ငံအများအပြား အပူဆုံးနှစ်ဖြစ်ခဲ့

ဂျီနီဗာ ဇွန် ၂၀

၂၀၂၂ ခုနှစ်တွင် ဥရောပဒေသရှိ နိုင်ငံအများအပြားသည် အပူဆုံးနှစ်ဖြစ်ခဲ့ကြောင်း ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့မှ မိုးလေဝသတာဝန်ရှိသူများက ပြောကြားသည်။

**အပူဆုံးနှစ်အဖြစ်စံချိန်တင်**

ကမ္ဘာ့မိုးလေဝသအဖွဲ့နှင့် ဥရောပသမဂ္ဂ ရာသီဥတုဆိုင်ရာလုပ်ငန်းအဖွဲ့တို့က ယမန်နှစ်အတွက် မိုးလေဝသခန့်မှန်းချက်မှတ်တမ်းကို ယနေ့ထုတ်ပြန်ခဲ့သည်။ ပြင်သစ်နှင့် ဗြိတိန်အပါအဝင် ဥရောပနိုင်ငံ ၁၀ နိုင်ငံ၌ ယမန်နှစ်အတွင်းက အပူဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့ကြောင်းသိရသည်။ ၂၀၂၂ ခုနှစ်အတွင်း ဥရောပဒေသတွင် မိုးခေါင်ရေရှားမှုနှင့် ရေကြီးခြင်း၊ တောမီးလောင်ခြင်း မုန်တိုင်းများနှင့် အခြားသဘာဝဘေးအများအပြားကျရောက်ခဲ့ကြောင်းလည်း သိရသည်။

**ထုတ်ယူသုံးစွဲနိုင်ခဲ့**

သို့ရာတွင် အားသာချက်အဖြစ် ကမ္ဘာတစ်ဝန်း ယမန်နှစ်အတွင်း လေအားနှင့် ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ခဲ့သဖြင့် ရုပ်ကြွင်းလောင်စာများအပေါ် အမှီပြုရသည့် အခြေအနေမှ တိုးတက်လာကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံရှိ ရုပ်သံလွှင့်လုပ်ငန်းစကြီးများ အဆင့်မြှင့်တင်ရေးဆောင်ရွက်

တိုကျို ဇွန် ၂၀

ဂျပန်နိုင်ငံရှိရုပ်သံလွှင့်လုပ်ငန်းစကြီးများကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဂျပန်ဆက်သွယ်ရေး ဝန်ကြီးဌာနက လာမည့်လများအတွင်း ဆောင်ရွက်သွားမည်ဟု သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိရုပ်သံလွှင့်လုပ်ငန်းများတွင် ခိုင်မာသည့်သတင်းအချက်အလက်များရယူနိုင်ရေးနှင့် ရုပ်သံလွှင့်လုပ်ငန်းများအား အဆင့်မြှင့်တင်ရေးအတွက် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိသည်။

ယင်းလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ယနေ့ကျင်းပခဲ့သည်။ ရုပ်သံလွှင့်လုပ်ငန်းသည်နိုင်ငံသားများအတွက်စံချိန်စံညွှန်းမီသည့် သတင်းအချက်အလက်များရရှိရာ သတင်းအရင်းအမြစ် ဖြစ်ကြောင်းနှင့် အများပြည်သူဆိုင်ရာ ရုပ်သံလွှင့် လုပ်ငန်းဖြစ်သည့် အင်န်အိတ်ချ်ကေသတင်းဌာနနှင့် အခြားပုဂ္ဂလိက ရုပ်သံလွှင့်ဌာနများအကြား ကြိုးစားယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း ယင်းလုပ်ငန်း အဖွဲ့အစည်းအဝေးတွင် ဆက်သွယ်ရေးဝန်ကြီး မက်ဆုမိုတိုတာကာကီက ပြောကြားသည်။ အဆိုပါအစည်းအဝေးတွင် အင်န်အိတ်ချ်ကေနှင့် စီးပွားဖြစ် ရုပ်သံလွှင့်ဌာနများအကြား ရုပ်သံထပ်ဆင့်လွှင့်ဌာနများကို ပူးတွဲအသုံးပြုရန် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။



ထို့ပြင် အင်န်အိတ်ချ်ကေရုပ်သံလွှင့်လုပ်ငန်းအား ဒစ်ဂျစ်တယ်စကြီးမှတစ်ဆင့် ဆန်းသစ်သည့် ရုပ်မြင်သံကြားအစီအစဉ်များကို ထုတ်လွှင့်နိုင်ရေးပံ့ပိုးဆောင်ရွက်ကြရန် ယင်းလုပ်ငန်းအဖွဲ့အား မက်ဆုမိုတိုက အကြံပြုပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ၌ အပူချိန်မြင့်တက်မှုကြောင့် လုပ်သားများ နာမကျန်းဖြစ်ခြင်းမှ ကာကွယ်ရန်ဆောင်ရွက်

ပေကျင်း ဇွန် ၂၀

တရုတ်နိုင်ငံ၌ နွေရာသီအတွင်း အပူချိန် မြင့်တက်မှုကြောင့် လုပ်ငန်းခွင်အတွင်း လုပ်သားများ နာမကျန်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် သင့်တော်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်ထားရန် အစိုးရက ညွှန်ကြားခဲ့သည်။

အပူဒဏ်ကြောင့် နာမကျန်းဖြစ်နိုင်သည့် လုပ်ငန်းခွင်များမှ လုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ညွှန်ကြားချက်များထုတ်ပြန်ထားပြီး ၎င်းထုတ်ပြန်ချက်အတိုင်း မလိုက်နာသည့် လုပ်ငန်းများအား အရေးယူရန် ညွှန်ကြားထားကြောင်း အမျိုးသား ကျန်းမာရေးကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။

လုပ်ငန်းရှင်များသည် မိမိတို့၏ လုပ်သားများအား အပူဒဏ်မှ ကာကွယ်ရန်အတွက် လုပ်ငန်းခွင်များတွင် စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

✻ ကျောဖုံးမှ

**ကိုကိုအောင်**၊ **ကောင်းမြတ်**၊ **ကျော်ဇင်ဝေ**နှင့် **ကောင်းထက်စံ**တို့ လေးဦးသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် တွံတေးမြို့နယ် ဂယက်လက်မီး ကျေးရွာတွင် တွံတေးမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖွင့်လှစ်သည့် အကြမ်းဖက် ဖောက်ခွဲရေး သင်တန်းအားလည်းကောင်း တက်ရောက်ခဲ့ကြောင်းနှင့် တွံတေးမြို့ပြပြောက်ကျား အမည်ခံ အကြမ်းဖက်အဖွဲ့အား ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်၊ အပြစ်မဲ့ ပြည်သူများအားလုပ်ကြံ သတ်ဖြတ်ရန်အတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဖမ်းဆီးရန်ကျန် တရားခံ **ဆံရှည်(ခ)ကိုထက်နှင့် ချမ်းမြေ့အောင်** တို့က ခေါင်းဆောင်၍ **ကိုကိုအောင်**၊ **ဖြိုးကိုကို**၊ **ကောင်းမြတ်**၊ **ကျော်ဇင်ဝေ**၊ **ကျော်ဇင်လတ်**၊ **ကောင်းထက်စံ** အပါအဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်၊ ဓားပြတိုက်လုယက်မှုများ ပြုလုပ်ရန် အတွက် **M4A1 သေနတ် နှစ်လက်၊ M-16 သေနတ် တစ်လက်၊ Sig Sauer ပစ္စတို နှစ်လက်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ၅ ဒသမ ၅၆ ကျည်တောင့် ၃၄၀၊ ၉ မမ Luger ကျည်အတောင့် ၃၀၀** တို့ကို ဖမ်းဆီးရန်ကျန် တရားခံ **ဆံရှည်(ခ)ကိုထက်**၏ ချိတ်ဆက်ပေးမှုဖြင့် **ဖြိုးကိုကို**က တွံတေးမြို့နယ် ညောင်တံခါးကျေးရွာအနီးတွင် ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းမြေ့** ထံမှ နှစ်ကြိမ်ခွဲ၍ သွားရောက် ယူဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ တွံတေးမြို့ပြပြောက်ကျား အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ဆံရှည်(ခ) ကိုထက်**နှင့် **ချမ်းမြေ့အောင်** တို့၏ ခိုင်းစေမှုဖြင့် တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ်၊ ဓားပြတိုက်လုယက် မှု သုံးကြိမ်တို့ ဆောင်ရွက်ခဲ့ကြောင်း-

❖ ၂၀၂၂ ခုနှစ် မတ် ၃ ရက်တွင် **ဖြိုးကိုကို** သည် တွံတေးမြို့နယ် တလုတ်ထော်အောက်ကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်လွင်ဦးနှင့် ဇနီးဖြစ်သူ တို့အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**က အခြေ အနေ ကြည့်ရှုပေးခဲ့ကြောင်း။

## "မြတ်မောင်"စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့်ဖြစ်စဉ်မှတစ်ဆင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်နေသည့် တွံတေးမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ဖော်ထုတ်ဖမ်းဆီးရမိ




❖ မတ် ၁၀ ရက်တွင် **ဖြိုးကိုကိုနှင့် ကိုကိုအောင်** တို့ နှစ်ဦးသည် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် ရာအိမ်မှူး ဦးကြည်လေးအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတို သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကောင်းမြတ်**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ မတ် ၁၃ ရက်တွင် **ဖြိုးကိုကိုနှင့် ကိုကိုအောင်** တို့ နှစ်ဦးသည် တွံတေးမြို့နယ် ကျိုက်ထော်-ကညင်ငူ ကားလမ်းတွင် အပြစ်မဲ့ပြည်သူ ဒေါ်ခင်မိုးသူအား ဒလန် ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာ တွင် **ကောင်းမြတ်**က အခြေအနေ ကြည့်ရှုပေးခဲ့ ကြောင်း။

**စာမျက်နှာ ၁၅ သို့** ❍




၂၀၂၃ ခုနှစ် ဧပြီ ၁၀ ရက်တွင် တွံတေးမြို့နယ် မယ်ပြေကျေးရွာ၌ ဓားပြတိုက်လုယက်မှုဖြစ်ပွားခဲ့သည့် နေအိမ်၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် မတ် ၃ ရက်တွင် တွံတေးမြို့နယ်အတွင်း အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှု ကြောင့် အုပ်ချုပ်ရေးမှူး ဦးကျော်လွင်ဦး (သေဆုံး)နှင့် ဇနီး ဒေါ်မေဇင်ဦး (စိုးရိမ်ရ)တို့၏ မှတ်တမ်း ဓာတ်ပုံ။



၂၀၂၂ ခုနှစ် မတ် ၁၀ ရက်တွင် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက်၌ အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ရာအိမ်မှူး ဦးကြည်လေး (စိုးရိမ်ရ)၏ မှတ်တမ်း ဓာတ်ပုံ။



၂၀၂၂ ခုနှစ် မတ် ၁၃ ရက်တွင် တွံတေးမြို့နယ် ကျိုက်ထော်-ကညင်ငူကားလမ်း၌ အကြမ်းဖက်သူ များ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဒေါ်ခင်မိုးသူ (သေဆုံး)၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် တွံတေးမြို့နယ် မြကန်သာကျေးရွာလမ်းဆုံ၌ အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အုပ်ချုပ်ရေးမှူး ဦးခင်ညွန့် (သေဆုံး)နှင့် ရာအိမ်မှူး ဦးစန်းလွင် (စိုးရိမ်ရ) တို့၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် တွံတေးမြို့နယ် မြကန်သာကျေးရွာလမ်းဆုံ၌ အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဦးသန်းဌေး(သေဆုံး)နှင့် ဦးအေးမြင့်(သေဆုံး)တို့၏ မှတ်တမ်းဓာတ်ပုံ။

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❍ စာမျက်နှာ ၁၄ မှ

❖ ဩဂုတ် ၁ ရက်တွင် **ဖြိုးကိုကို** သည် တွံတေးမြို့နယ် ဘီခိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်နှင့် ကောင်းမြတ်** တို့ နှစ်ဦးမှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ဩဂုတ် ၂၂ ရက်တွင် **ဖြိုးကိုကို၊ ကောင်းမြတ်** နှင့် **ကိုကိုအောင်**တို့ သုံးဦးသည် တွံတေးမြို့နယ် မြကန်သာကျေးရွာလမ်းဆုံ၌ ဇီးဖြူကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်ညွန့် အပါ ခြောက်ဦးအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကျော်ဇင်ဝေ၊ ကျော်ဇင်လတ်နှင့်ကောင်းထက်စံ** တို့ သုံးဦးက အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ အောက်တိုဘာ ၈ ရက်တွင် **ဖြိုးကိုကိုနှင့် ကောင်းမြတ်** တို့နှစ်ဦးသည် တွံတေးမြို့နယ် မယ်ပြေကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးထွန်းထွန်းနှင့် ဇနီးဖြစ်သူတို့အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်** အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ နိုဝင်ဘာ ၅ ရက်တွင် **ဖြိုးကိုကို၊ ကိုကိုအောင်** နှင့် **ကောင်းမြတ်** တို့သုံးဦးသည် တွံတေးမြို့နယ် သမ္ဘာန်ဆိပ်ကျေးရွာတွင် အပြစ်မဲ့ပြည်သူ ဦးသိန်းဇော် အပါ ငါးဦးအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကျော်ဇင်ဝေ၊ ကျော်ဇင်လတ်** နှင့် **ကောင်းထက်စံ** တို့ သုံးဦးမှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ နိုဝင်ဘာ ၆ ရက်တွင် **ဖြိုးကိုကိုနှင့် ကိုကိုအောင်** တို့ နှစ်ဦးသည် တွံတေးမြို့နယ် လာကပုံကျေးရွာတွင် အပြစ်မဲ့ပြည်သူ ဦးတိုးမင်းထိုက်နှင့် ဇနီးဖြစ်သူတို့အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကောင်းမြတ်** မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် **ဖြိုးကိုကို၊ ကိုကိုအောင်နှင့် ကောင်းမြတ်** တို့ သုံးဦးသည် တွံတေးမြို့နယ် ကပင်ကြီးကျေးရွာရှိ အပြစ်မဲ့ပြည်သူ မစန်းပပအောင်၏နေအိမ်အား ခဲပြတိုက်လုယက်၍ သတ်ဖြတ်မှု ကျူးလွန်ရာတွင် **ကျော်ဇင်ဝေ၊ ကျော်ဇင်လတ်နှင့် ကောင်းထက်စံ** တို့ သုံးဦးမှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ မတ် ၄ ရက်တွင် **ဖြိုးကိုကို၊ ကိုကိုအောင်နှင့် ကောင်းမြတ်** တို့ သုံးဦးသည် တွံတေးမြို့နယ် ပေါက်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ရာအိမ်မှူး ဦးသန်းလွင်တို့ နှစ်ဦးအား ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကောင်းထက်စံမှ** အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ဧပြီ ၁၀ ရက်တွင် **ဖြိုးကိုကို၊ ကိုကိုအောင်နှင့် ကောင်းမြတ်** တို့ သုံးဦးသည် တွံတေးမြို့နယ် မယ်ပြေကျေးရွာရှိ ဦးထွန်းထွန်းဦး၏နေအိမ်အား သေနတ်ပြခြိမ်းခြောက်၍ ခဲပြတိုက်လုယက်ရာတွင် **ကျော်ဇင်ဝေ၊ ကျော်ဇင်လတ်နှင့် ကောင်းထက်စံ**တို့ သုံးဦးမှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ဇွန် ၁၈ ရက်တွင် **ဖြိုးကိုကို၊ ကိုကိုအောင်နှင့် ကောင်းမြတ်** တို့ သုံးဦးသည် မြောက်ဥက္ကလာပမြို့နယ် (၈၂)ရပ်ကွက် မေခဝီလမ်းရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ခဲပြတိုက်လုယက်ရာတွင် **ကောင်းထက်စံ၊ ကျော်ဇင်လတ်နှင့် ကျော်ဇင်ဝေ**တို့ သုံးဦးမှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။



၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် တွံတေးမြို့နယ် မြကန်သာကျေးရွာလမ်းဆုံ၌ အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဦးသီဟစိုး(သေဆုံး)နှင့် ဦးဘိုဘို(သေဆုံး)တို့၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် တွံတေးမြို့နယ် မယ်ပြေကျေးရွာတွင်အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဦးထွန်းထွန်း(သေဆုံး)နှင့်ဒေါ်ရီရီမြင့်(သေဆုံး)တို့၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် တွံတေးမြို့နယ် သမ္ဘာန်ဆိပ်ကျေးရွာတွင်အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ၎င်းတို့နှင့်ထိုက်တန်သည့် ပြစ်ဒဏ်များအား ဥပဒေအတိုင်း ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



၂၀၂၂ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် တွံတေးမြို့နယ် လာကပုံကျေးရွာတွင် အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဦးတိုးမင်းထိုက်(သေဆုံး)နှင့် မပပဝင်း(သေဆုံး)တို့၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် တွံတေးမြို့နယ် ကပင်ကြီးကျေးရွာတွင် အကြမ်းဖက်သူများ၏ ခဲပြတိုက်လုယက်၍ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် မစန်းပပအောင်၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် မတ် ၄ ရက်တွင် တွံတေးမြို့နယ် ပေါက်ကုန်းကျေးရွာတွင် အကြမ်းဖက်သူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အုပ်ချုပ်ရေးမှူး ဦးစိုးလွင်(သေဆုံး)နှင့် ရာအိမ်မှူး ဦးသန်းလွင်(သေဆုံး)တို့၏ မှတ်တမ်းဓာတ်ပုံ။

# သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်

**သာယာဝတီ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇွန် ၁၉ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၌ ဗီယက်နမ်မျိုးစပါး ပျိုးထောင်စိုက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား မြေယာပြုပြင်စရိတ်၊ သွင်းအားစုနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် လက်ပံတန်းမြို့နယ် ဝွေးတောက်ကွင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဦးအေးစိုး၏ ဘက်စုံမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး တိရစ္ဆာန်အစာ အစားထိုး နေဗီယာမြက်စိုက်ပျိုးနိုင်ရေး၊ ငါးကန်ပေါင်များတွင် တန်ဖိုးမြင့်သစ်ပင်များ စိုက်ပျိုးရန်နှင့် ဒေသကြက် တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံ တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားပြီး ဒေသခံတောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာအုပ်စုနှင့် မိုးညိုမြို့နယ် မြစ်သာကျေးရွာအုပ်စုတို့ရှိ ရေကြီးရေနက်ကွင်းနေရာတို့တွင် ယခင် တစ်နှစ် တစ်သီးသာစိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တစ်နှစ် နှစ်သီး တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးမည့် မြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လက်ပံတန်း-မိုးညို-နတ်တလင်း လမ်းမိုင်(၄၉/၀)နှင့် (၅၀/၀)၊ မိုင်တိုင်(၅၂/၀)နှင့် (၅၃/၀)အကြား မြေသားတာပေါင် တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ပြည် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သိရီရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း (ပဲခူးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ) ဒေါ်ခင်နှင်းဆီရွှေက မုဒိတာစကားပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ အထက(၁) ပြည် Grade-11 မှ မောင်ကောင်းထက်ပိုင်က "လူငယ်နှင့်စာပေ"၊ မသွန်းနဒီစံက "လူငယ်နှင့်အားကစား"၊ မောင်ဟိန်းထက်ဈာန်က "လူငယ်နှင့်သဘာဝပတ်ဝန်းကျင်"၊ မသန့်နွယ်သင်းက "လူငယ်နှင့် Social Media"၊ မဝင်းစန္ဒာက "လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်" စသည့်ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသားကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ဆက်လက်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေက ကျောင်းသားကျောင်းသူလေးများ၏ ကဏ္ဍအလိုက်ဆွေးနွေးမှုများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း(ပဲခူးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ) ဒေါ်ခင်နှင်းဆီရွှေက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၅၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၄၅ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၇၀၀ |
| 95 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၀ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၃၀၀ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၃ |
| 95 Ron | ၁၉၉၈ | ၂၀၇၂ |
| HSD (500 ppm) | ၁၈၈၂ | ၁၉၅၀ |
| HSD (50 ppm) | ၁၉၅၆ | ၂၀၂၅ |
| HSD (10 ppm) | ၁၉၅၆ | ၂၀၂၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပေါင်မြို့နယ်၌ မူးယစ်ဆေးဝါး အသိပညာပေး ဟောပြော

**ပေါင် ဇွန် ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းက အမက(ကော့ထော်)၌ စာဖတ်စွမ်းရည်၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကြရေး ဟောပြောဆွေးနွေးပြီး ကျောင်းသားကျောင်းသူများက စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုခြင်းတို့ကို ယှဉ်ပြိုင်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း သိမှတ်ဖွယ်ရာများ စသည့် အသိပညာပေး နံရံကပ်စာစောင်တို့ကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော

# ချင်းပြည်နယ် မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး ဇွန် ၂၀**

ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းပါဝင်မှု လိုအပ်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချင်းပြည်နယ်မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်တွင် တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့တွင် မသန်စွမ်းဦးရေမှာ ကျန်သည့်မြို့နယ်များထက် သိသာစွာမြင့်တက်နေသည်ကို တွေ့ရှိရကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းများဆိုရာတွင် မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးများအပြင် မသန်စွမ်းအဆင့်သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ မသန်စွမ်းသူများအနေဖြင့် နေထိုင်သည့် အရပ်ဒေသများ၌ အဆင်ပြေစွာ သွားလာနေထိုင်နိုင်ရေးတို့ပါ ပါဝင်နေသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်း ပြောကြားသည်။




**ဆွေးနွေး**

ထို့နောက် ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ခံ၊ ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးထွန်းသိန်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ ကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ချင်းပြည်နယ် ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်စိုးဝင်းတို့က အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှု

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးစိုးဦးနှင့် ဦးအောင်မိုးမြင့်တို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်က မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်သည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇေယျာဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့် (ဘဲကုန်းမီးပွိုင့်အနီး) စကြာဒီပခြံတွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics(DNP)] ဌာနချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယနေ့တွင် ပါတီဌာနချုပ်၌တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုသည်။

တွေ့ဆုံစဉ် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ[Democratic Party of National Politics (DNP)]ဥက္ကဋ္ဌ ဦးစိုးမောင်က ပါတီ၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ[Democratic Party of National Politics(DNP)] ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသော ပါတီဝင်အင်အား ၁၀၀၀၀၀ ပြည့်မီရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်း ဖွင့်လှစ်ရန်၊ ပါတီဆိုင်းဘုတ်တင်ခြင်းနှင့် ပါတီအလံလွှင့်ထူခြင်းများကို သတ်မှတ်ညွှန်ကြားချက်နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်၊ ပါတီ၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရန် ပြောကြားရာ ပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# အိမ်ခြံမြေအကျိုးဆောင်နှင့် အဖိုးတန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းများတွင် ကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေအကဲဖြတ်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

အိမ်ခြံမြေအကျိုးဆောင်နှင့် အဖိုးတန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းများတွင် ကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေအကဲဖြတ်မှု အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက နေပြည်တော် Hotel Max ၌ ကျင်းပသည်။

**ဆွေးနွေး**

အလုပ်ရုံဆွေးနွေးပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အုပ်စုလိုက် ပူးပေါင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုမောင်နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်တို့က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေယာဌာနမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က ကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်း မေးခွန်းလွှာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့်အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများက မေးခွန်းလွှာများအား ဖြေကြားကြသည်။

ထို့နောက် ဖြေကြားပြီး မေးခွန်းလွှာများကို ပြန်လည်စုစည်းကာ ဖြေကြားချက်များအပေါ်သုံးသပ်ဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကိုးခုမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း ၂၆ ဦး၊ အိမ်ခြံမြေအကျိုးဆောင် ၁၄၅ ဦးနှင့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူ ၄၅ ဦး စုစုပေါင်း ၂၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၂၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၆-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၆၈)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၂) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၉၄,၉၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၁၆၀) ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၈,၉၇၈) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၀ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း ၂ ဒသမ ၁၂၈ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြည်မြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

ပုသိမ် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အမှတ်(၁၇)စက်မှုလယ်ယာစခန်း၌ အမှတ်စဉ်(၁/၂၀၂၃၊၂၀၂၄) ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးတိုင်းဖြစ်ပြီး မိုးစပါး၊ နွေးစပါးဧက ၅၂ သိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရောက်ရှိရန် လိုအပ်နေသေးပြီး ပန်းတိုင်အထွက်နှုန်းမရောက်သေးမီ ကာလစပ်ကြား တစ်ဧက ၁၀၀ တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။




ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး စက်မှုလယ်ယာစခန်းရှိ လယ်ယာသုံးစက်ကြီးများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်မှုလယ်ယာနှင့် ကူဘိုတာဧရာဝတီကုမ္ပဏီတို့မှ ပူးပေါင်းဖွင့်လှစ်သည့် အမှတ်စဉ်(၁/၂၀၂၃၊၂၀၂၄) ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု အခြေခံသင်တန်းအား ဇွန် ၁၉ ရက်မှစ၍ တစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအုပ်စု တောင်သူဦးနိုင်ဝင်းဆွေ၏ စိုက်ဧကငါးဧက၌ ပြုလုပ်သည့် ၂၀၂၃-၂၀၂၄ မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲသို့လည်းကောင်း၊ ငနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာ တောင်သူ ဦးသန်းစိန်ပါ ၁၉ ဦး လယ်မြေဧက ၁၀၀ တွင် ကျင်းပသည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မြေခံထည့်သွင်းခြင်း အခမ်းအနားသို့လည်းကောင်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အမှတ်(၄)ရပ်ကွက်နေ လှတင်သည် ၎င်းအသုံးပြုသည့် “Hlatin” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး မြို့လှမြို့ အမှတ်(၁)ရပ်ကွက်နေ သန်းလွင်ဦးသည် ၎င်းအသုံးပြုသည့် “Moe Set Nway” Facebook အကောင့်၊ ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက်နေ ဇူလိုင်မိုး(ခ)ဂျူးဂျူးသည် ၎င်းအသုံးပြုသည့် “ဂျူးဂျူး” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သဇင်ရပ်ကွက်နေ မေဇင်ဦး(ခ)ပူတူးတူးသည် ၎င်းအသုံးပြုသည့် “Shyk Shyk” Facebook အကောင့်၊ “more thar” Telegram အကောင့်၊ ရမည်းသင်းမြို့နယ် ဝါးတိုးအနောက်ရပ်ကွက်နေ သူရမောင်မောင် (ခ) ဖိုးဖိုးသည် ၎င်းအသုံးပြုသည့် “Thura Mg Mg” Facebook အကောင့်၊ ပျဉ်းမနားမြို့နယ် အုတ်ကျင်းရပ်ကွက်နေ စန္ဒာမြင့်(ခ)မိငယ်သည် ၎င်းအသုံးပြုသည့် “Ku Kuu Kuu” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက်နေ စုမြတ်သည် ၎င်းအသုံးပြုသည့် “Su Myat” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် နောက်ရပ်ကြီး ရပ်ကွက်နေ စိုးမြင့်ဦး(ခ)ဖဖူးဆားသည် ၎င်းအသုံးပြုသည့် “Soe Myint Oo” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ MNL အမှတ်ပေးပြိုင်ပွဲမှ**

ပွဲစဉ် (၈)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၂၁ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၆ မှတ်၊ ဟံသာဝတီအသင်းက ၁၃ မှတ်၊ ရတနာပုံနှင့် မဟာယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ ရခိုင်ယူနိုက်တက်၊ ကချင်ယူနိုက်တက်နှင့် မြဝတီအသင်းတို့က ရှစ်မှတ်စီ၊ ဒဂုံစတားနှင့် GFA အသင်းက ခုနစ်မှတ်စီ၊ ဧရာဝတီအသင်းက လေးမှတ်ရရှိထားသည်။

ယခုတစ်ပတ်တွင် တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့်အသင်းများ၊ တန်းဆင်းဇုန်နားရောက်နေသည့်အသင်းများ၏ ရုန်းကန်မည့်ပွဲများအပြင် ဖလားထိပ်ပိုင်းမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းလည်း အမှတ်ပြည့်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ ဒုတိယနေရာမှ ရန်ကုန်အသင်းနှင့် တတိယနေရာမှ အား/ကာသိပ္ပံအသင်းတို့၏ တွေ့ဆုံမည့်ပွဲကို ဇူလိုင် ၁၀ ရက်မှ ကျင်းပမည်ဖြစ်သောကြောင့် ဖလားထိပ်ပိုင်းအားပြိုင်မှုကို ယခုတစ်ပတ်မြင်တွေ့ရမည်မဟုတ်ပေ။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

## ပဲခူးမြို့နယ် ကလိချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ပဲခူး ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုဖြင့် ငါးသယံဇာတမပြုန်းတီးရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးစားသုံးမှု မြင့်မားလာစေရေးအတွက် ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ပဲခူးမြို့နယ်ရှိ ကလိချောင်းသဘာဝရေပြင်အတွင်း၌ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၈ နာရီတွင် ကလိချောင်းအနီး ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးတင်ဝင်းထွဋ်၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ပဲခူးငါးလုပ်ငန်းစခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြပြီး ကလိချောင်းသဘာဝရေပြင်အတွင်းသို့ ပဲခူးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံ၊ မိုးကုတ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၀

ဘားအံ၊ မိုးကုတ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့တွင် စိတ်ကြွရူးသွပ် ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၃)ရပ်ကွက်ရှိ တင်ကိုကို (ခ)ကုလား၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မျိုးကိုကို(ခ)ဖိုးသီးကို တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု တောင်နားကျေးရွာအနီးရှိ ဘားအံ-မြဝတီသွားကားလမ်းတွင် အစာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ရေပူကျေးရွာအုပ်စု၊ ဆတ်အင်းပြန့်ကျေးရွာအနီးတွင် ဂျော်ရိန်ဂွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၇ နာရီခွဲတွင် မိုးကုတ်မြို့နယ် ရေပူကျေးရွာအုပ်စု ဘော်ဗဒန်းကျေးရွာအနီးရှိ တံတားတွင် စိတ်ကြွရူးသွပ်ဆေးပြားများလက်ခံရန် စောင့်ဆိုင်းနေသူ ကြည်ခိုင်ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**သတင်းစဉ်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
## ပြင်ပဆရာဝန်များအတွက်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ – ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်–

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ Dip.Med.Sc (Family Medicine) | (၁) နှစ် |

၂။ **လိုအပ်သောအရည်အချင်း**
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ဆေးပညာဘွဲ့ရရှိပြီးသူ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
- (ဂ) လက်ရှိတရားဝင်အထွေထွေဆေးကုသခွင့်လိုင်စင်သက်တမ်း (၂)နှစ် ပြည့်ပြီး သက်တမ်းတိုး ကိုင်ဆောင်ထားသူဖြစ်ရမည်။
- (ဃ) အသက်သတ်မှတ်ချက်မရှိပါ။
- (င) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းရမည်။
- (စ) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **၄–၈–၂၀၂၃ ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ပါမောက္ခချုပ် ဆေးတက္ကသိုလ်၊ မကွေးသို့ လိပ်မူ၍ ငွေသွင်းချလန်မူရင်းနှင့်အတူ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ **၆–၁၀–၂၀၂၃ ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ်–၁၀၀၀၀ဝ/–(ကျပ်တစ်သောင်းတိတိ)ကို ဆေးတက္ကသိုလ်၊ မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်– MD– ဝ၁၁၁၁၈သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊ မကွေး၏ ငွေစာရင်းအမှတ်– MD– ဝ၁၁၁၁၈ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး၏ Website – http://www.ummg. gov.mm နှင့် http://**www.ummg.edu.mm** တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဘွဲ့လွန်ဌာနစိတ်၊ ဖုန်းနံပါတ်–ဝ၆၃–၂ဝ၂၃၇ဝ၁ (လိုင်းခွဲ–၁၁ဝ)သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်၊ မကွေး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၊ မြေကွက်အမှတ်–၇၁/က၊ ၁၀၀၀ စ/ပေ၊ မြေကွက်တည်နေရာ အမှတ်– ၇၁/က၊ သုဓမ္မာလမ်း၊ (၂)ရပ်ကွက်၊ အာမက်(ခ)တင်လှ [၁၂/ပဘတ(နိုင်)ဝ၁၂၇၂၁]၊ ဒေါ်စန်းမြင့် [၁၂/ပဘတ(နိုင်)ဝ၂ဝဝ၇၂] အမည်ပေါက် နှစ်(၆ဝ) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ အာမက်(ခ)တင်လှ(ခင်ပွန်း)သည် (၃–၁ဝ–၂ဝ၂ဝ)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် မိမိတို့တွင် ဦးတင်မြင့်နီ [၁၂/ပဘတ(နိုင်)ဝ၂၅၈၁၂]၊ ဦးတင်မောင်နီ [၁၂/ပဘတ(နိုင်)ဝ၂၅၈၁၁]၊ ဒေါ်နီလာစု(ခ)ဆိုဖီ [၁၂/ဗဟန(နိုင်)ဝ၉၂ဝ၃ဝ]၊ ဒေါ်နီလာယု(ခ)ရိုကီ [၁၂/ဗဟန(နိုင်)ဝ၉၄၁၂၄]၊ ဒေါ်နီလာထွေး(ခ)နအီ [၁၂/ဗဟန(နိုင်)ဝ၉၄၁၂၅] သားသမီး(၅)ဦးမွေးဖွားခဲ့ရာ ကျန်အမည်ပေါက် ဒေါ်စန်းမြင့်(ဇနီး)နှင့် ဦးတင်မြင့်နီ၊ ဦးတင်မောင်နီ၊ ဒေါ်နီလာစု(ခ)ဆိုဖီ၊ ဒေါ်နီလာယု(ခ)ရိုကီ၊ ဒေါ်နီလာထွေး(ခ)နအီတို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် ဇနီးနှင့်သား/သမီး(၅)ဦးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာအမှတ်–၁၄၃၈/၂ဝ၂၂/၂၅–၁–၂ဝ၂၂ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅ဝ)၊ မြေကွက်အမှတ်(၉ဝ၅/က)၊ လူနေရပ်ကွက်အမှတ်(၅ဝ)၊ မြေပေအကျယ်(၂ဝပေx၆ဝပေ)၊ ဧရိယာ(ဝ.ဝ၂၇)ဧက၊ (၁၂ဝဝ)စတုရန်းပေရှိ နှစ်(၆ဝ)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉ဝ၅/က)၊ ငုဝါလမ်း၊ ၅ဝ–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေစာရင်းတွင် ဦးဝင်းနိုင်(အိုင်အက်စ်အင်န်–၁ဝ၅၁ဝ၂)[၁၂/လမန(နိုင်)ဝ၉၇၉၉၅]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက် ဦးဝင်းနိုင်ထံမှ အရပ်ကတိစာချုပ် အဆက်စပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဦးတင်ဝင်း[၁၄/အဂပ(နိုင်) ၁၆၂၈၅၈]က မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အထက်ပါမြေနှင့်အိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်မာ[၁၂/စခန(နိုင်)ဝ၆၁၄၆၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာခင် (LL.B,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–ဝ၉–၄၃၁၁၉၈၄၅၊ ဝ၉–၉၆၄၁၁၉၈၄၅**

---

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ မိုးကြိုးကွက်သစ်၊ အခြေခံပညာအလယ်တန်းကျောင်း Grade–9 တန်းခွဲ(၄)တွင် ပညာသင်ကြားနေသော မောင်ဇွဲထက်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲဇော်သူ [၇/သကန(နိုင်) ၁ဝ၃၃၁ဝ]ဖြစ်ပါကြောင်း။

**ဦးရဲဇော်သူ**
**[၇/သကန(နိုင်) ၁ဝ၃၃၁ဝ]**

---

## ဖခင်အမည်မှန်

ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာနေ မနှင်းဝေဇင် အခြေခံပညာ အထက်တန်းကျောင်းခွဲ G(8)၏ဖခင်အမည်မှန်မှာ ဦးလင်းအောင် [၁၄/ဖပန(နိုင်)၁၄၆၇၅၅] ဖြစ်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၄၈၄၁)၊ ဧရိယာ (ဝ.ဝ၅၅)ဧကရှိ ဒေါ်မြင့်မြင့်မော်အမည်ပေါက် မြေကွက်အား ဒေါ်နီနီလွန်းကျိုန် [၄/တတန(နိုင်)ဝ၅၁၅၄၉] မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/ကံဘဲ့၊ မြေကွက်အမှတ်–၁၂၅/B၊ ဧရိယာ (ဝ.၁ဝ၂၄)ဧက၊ မြေကွက်တည်နေရာအမှတ်–၂ဝ/ခ၊ ဘူတာရုံလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးမြင့်ဇော် [၁၂/ရကန(နိုင်) ဝ၅၃၉၉၃] အမည်ပေါက် နှစ်(၆ဝ) မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြင့်ဇော်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်အေး(ခ) အိုင်းရင်းလှ [၁၂/ရကန (နိုင်) ဝ၂၅၄၁၄] မှ တရားဝင်ဇနီးဖြစ်ပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိသည်မှာ မှန်ကန်ကြောင်း (၂ဝ–၂–၂ဝ၂၃) ရက်စွဲပါ တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်း၏ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုဘွဲ့လွန်သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်း သူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုမဟာသိပ္ပံသင်တန်း** (Master of Nursing Science)

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ (လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Adult Health Nursing) | ၂နှစ် |
| (ခ) | သူနာပြုမဟာသိပ္ပံ (မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Maternal Health Nursing) | ၂နှစ် |
| (ဂ) | သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Child Health Nursing) | ၂နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ (စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Mental Health Nursing) | ၂နှစ် |
| (င) | သူနာပြုမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ) Master of Nursing Science (Community Health Nursing) | ၂နှစ် |
| (စ) | သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ) Master of Nursing Science (Nursing Administration & Management) | ၂နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ) Master of Nursing Science (Critical Care Nursing) | ၂နှစ် |
| (ဇ) | သူနာပြုမဟာသိပ္ပံ (အထွေထွေ) Master of Nursing Science (General) | ၂နှစ် |

၂။ **လိုအပ်သောအရည်အချင်း**
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်/ပေါင်းကူး)ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
- (ဂ) သူနာပြုမဟာသိပ္ပံသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာ ပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နှင့် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) ရရှိပြီးနောက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ လျှောက်လွှာပိတ်သည့်နေ့အထိ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
- (ဃ) **သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ) သင်တန်းအတွက် လုပ်သက်(၅)နှစ်ရှိသူ ဖြစ်ရမည်။**
- (င) သူနာပြုမဟာသိပ္ပံသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ် မကျော်လွန်သူ ဖြစ်ရမည်။
- (စ) သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ ၄–၈–၂၀၂၃ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ဝင်ခွင့်လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားခြင်းမရှိသည့် ဝင်ခွင့်လျှောက်လွှာများကို **လုံးဝ** ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လျှောက်လွှာများအား သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ ဆက်လက်ပေးပို့ရန်မလိုပါ။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လျှောက်လွှာများအား လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်လျှောက်လွှာ မိတ္တူတစ်စုံကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ သူနာပြုမဟာသိပ္ပံသင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်မှာ ၆–၁၀–၂၀၂၃ ရက် (သောကြာနေ့) မွန်းလွဲ (၁)နာရီမှ (၃)နာရီအထိ ဖြစ်ပါသည်။

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀ဝ/– (ကျပ်တစ်ထောင်တိတိ) ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD–ဝ၁၁၈၉ဝ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ်၊ MD–ဝ၁၁၈၉ဝ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးကိုပေးလျော်ရမည်ဖြစ်သည်။

၁၁။ ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက် အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ်၊ ဖုန်းနံပါတ်၊ ဝ၁–၂၂၂၈၈၃၊ ဝ၁–၂၂၂၈၈၄၊ ဝ၁–၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ Website (www.uonygn.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုပါရဂူဘွဲ့သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုပါရဂူဘွဲ့သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုပါရဂူဘွဲ့ [Ph.D(Nursing)] | ၃နှစ် |

၂။ **လိုအပ်သောအရည်အချင်း**
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) သူနာပြုမဟာသိပ္ပံဘွဲ့ ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- (ဂ) လက်ရှိနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ ဖြစ်ရမည်။
- (ဃ) နိုင်ငံခြားမှ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိရမည်။
- (င) ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (စ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ ၄–၈–၂၀၂၃ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ဝင်ခွင့်လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားခြင်းမရှိသည့် ဝင်ခွင့်လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု မရှိသော လျှောက်လွှာများအား လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်မှာ (၅–၁၀–၂၀၂၃)ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ (၁)နာရီမှ (၄)နာရီအထိ ဖြစ်ပါသည်။

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂) နာရီမေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ သူနာပြုပါရဂူသင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် သင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ် ၁၀၀၀ဝ/–(ကျပ်တစ်ထောင်တိတိ)ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD–ဝ၁၁၈၉ဝ သို့ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD–ဝ၁၁၈၉ဝ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးကို ပေးလျော်ရမည်။

၁၁။ ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ်၊ ဖုန်းနံပါတ်၊ ဝ၁–၂၂၂၈၈၃၊ ဝ၁–၂၂၂၈၈၄၊ ဝ၁–၂၂၂၈၈၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၏ Website (www.uonygn.gov. mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ မကျီးသုံးပင်ကျေးရွာအုပ်စု၊ မကျီးသုံးပင် ကျေးရွာနေ အဖ ဦးမြင့်အောင်၏သား ကျွန်တော် မောင်တိုင်းအောင်[၈/မဘန(နိုင်)၁၆၇၄၇ဝ]၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MB–611100)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–ဝ၉–၉၈၆၈၈၆၅၄ဝ**

## ချင်းပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့၏ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ မြို့နယ်/မြို့များအလိုက် "ငွေကျပ် သန်း(၂၀၀)အထက်" ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်သော မူလ စီမံကိန်းတွင်ပါဝင်သောလုပ်ငန်းနှင့် မူလစီမံကိန်းတွင် မပါဝင်သော ထပ်တိုးလုပ်ငန်းများအတွက် အပြီးသတ် ဆောင်ရွက်ရန် လုပ်ငန်း(၃)ခုကို ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ်/မြို့ | အဆောက်အအုံ | ရေပေးရေး | ပေါင်း |
|---|---|---|---|---|
| ၁ | ပြည်နယ်(ဟားခါး) | ၁ | - | ၁ |
| ၂ | တီးတိန် | ၁ | ၁ | ၂ |
| | စုစုပေါင်း | ၂ | ၁ | ၃ |

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ချင်းပြည်နယ်စည်ပင် သာယာရေးအဖွဲ့ရုံး၏ Website www.csmd.gov.mm နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ကြည့်ရှု လေ့လာ၊ ဖတ်ရှုနိုင်ပါကြောင်းနှင့် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

တင်ဒါလျှောက်လွှာစတင်ရောင်းချရက် - ၂၀-၆-၂၀၂၃ ရက်နေ့ နံနက်(၉:၃၀)နာရီ
တင်ဒါလျှောက်လွှာပိတ်ရက် - ၄-၇-၂၀၂၃ရက်နေ့ ညနေ(၁၆:၃၀)နာရီ
တင်ဒါလျှောက်လွှာတင်သွင်းမည့်နေရာ - လုပ်ငန်းတည်ရှိသည့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးများတွင် အချိန်မီဝယ်ယူ၊ တင်သွင်းခြင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၃၄၆၁၈၉၉၃၄၊၀၉-၄၅၀၀၀၅၂၀၀

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊ အချိန်နှင့်နေရာအား သီးခြားထုတ်ပြန် ကြေညာသွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် ပစ္စည်းများဝယ်ယူခြင်း တင်ဒါများအား (DDP At Site) (မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့် တင်ဒါများ ခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | Tender No. 37(Re-T)/ EPGE(REHP)/2023-2024 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၈)ရုံ အတွက် UPS, Computer System Unit, HMI & Communication Manager များ စသည့် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၁၂)မျိုး ဝယ်ယူခြင်း။ |
| (ခ) | Tender No. 38(Re-T)/ EPGE(REHP)/ 2023-2024 | သဖန်းဆိပ်၊ အထက်ပေါင်းလောင်းနှင့် မြို့ကြီး ဓာတ်အားပေး စက်ရုံများတွင် အသုံးပြုရန် လိုအပ်သော စက်မှုပိုင်းဆိုင်ရာ စက်အရံ ပစ္စည်း (၄)မျိုး ဝယ်ယူခြင်း။ |
| (ဂ) | Tender No. 39(T)/ EPGE(MP)/ 2023-2024 | လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း တွင် အသုံးပြုရန်အတွက် Air Conditioner (၃)မျိုး ဝယ်ယူခြင်း။ |

၂။ ဝယ်ယူမည့် ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီ ချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန် - (၄-၇-၂၀၂၃) ရက်နေ့၊ (၁၃:၀၀)နာရီ

၄။ တင်ဒါလက်ခံမည့်နေရာ - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံအား (၂၁-၆-၂၀၂၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း၊ ၀၆၇-၈၁၀၄၂၇၉)**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဂျာနူး [၁/မကန (နိုင်) ၂၀၀၄၄၁]၏ ပတ်စ်ပို့ နံပါတ် (MD-424320)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉-၇၇၄၈၃၁၃၈၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဘောမ်မျှော် [၁/မကန (နိုင်) ၁၀၉၂၇၃]၏ ပတ်စ်ပို့နံပါတ် (MD-335398)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉-၄၄၀၀၀၃၂၉၈**

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ နယ်မြေ(၃)၊ အမှတ်(၂၇၄)နေ မဂျာဆိုင်းဘူ၏ဖခင် ဦးမရန်ဇော်နန်(ခ) ဦးဇော်နန် [၁/မကန (နိုင်) ၀၃၆၁၇၇]သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးလွင်ထူးကို(ခ) ရှောက်ရုံးကြိမ် [၁/မကန(နိုင်) ၁၃၉၄၆၇]၏ ပတ်စ်ပို့နံပါတ် (MA-999080)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉-၉၇၀၈၀၁၁၃၃**

## ပျောက်ဆုံးကြောင်း

မောင်ဇေယျာချစ် [၇/ညလပ(နိုင်) ၁၆၈၇၉၀] ကိုင်ဆောင်သော ပတ်စ်ပို့(အမှတ်-MD 756913) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-764377165**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့ ၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၈၅၀)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်မြင့်မြင့်မော် အမည်ပေါက် မြေကွက်အား ဒေါ်နီနီလွန်းကျိန် [၄/တတန (နိုင်)၀၅၁၅၄၉]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှား စာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၆၄၅)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဦးကျော်ဆန်းလင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြင့်မြင့်ကြည် (ဘ) ဦးမောင်စိန် [၁၃/ကခန(နိုင်)၀၈၇၅၈၀၀]မှ မြေငှားစာချုပ်၊ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၀၃/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မြင့်မြင့်လှိုင် (ဘ) ဦးဝင်းကြူ [၁၂/မဂဒ(နိုင်) ၁၂၄၄၀၆]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ကင်းဝန်လမ်း၊ မြေကွက်အမှတ် (၃၃၄/က)ဟု ခေါ်တွင်သော ဒေါ်မြမြဦးအမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်အား အရပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းဗိုလ် [၁၂/ဥကတ(နိုင်)၀၁၆၅၉၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသီဟကျော် [၉/ကပတ(နိုင်)၂၇၂၃၂၉]သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၁၉-၆-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးချစ် (LL.B) ဒေါ်သက်ဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၄) အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)**
**တိုက်(B-8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-778849700, 09-773562082**

## ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်-ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ သာခုအိမ်ရာ၊ တိုက်အမှတ် (B)၊ အခန်း(၂၀၁)၊ ဒုတိယထပ် တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့ရွာ နှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းအဆောက်အအုံပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်၏ အမည်ပေါက်ပိုင်ဆိုင်သူ ဦးထင်ထွန်းပွါး [၁၂/ဒဂန(နိုင်) ၀၀၅၈၃၄]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက် သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက် အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဟိန်းစိုး ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁-ရပ်ကွက်၊ ရွှေဖီခိုင်ညွှာလမ်း၊ အမှတ်- ၄၆၂ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁၊ မြေကွက်အမှတ်- ၄၆၂၊ ဧရိယာ (၀.၀၆၁)ဧကအနက် တရားဝင်မခွဲစိတ်ရသေး သောမြေ၏ ခြေရင်းဘက်ခြမ်း အကျယ် (၂၀x၆၀)ပေ၊ မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးဘသိန်း (TLG-၀၁၇၈၇၁) [၁၂/ဥကတ(နိုင်)၀၈၀၀၆၂]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို သဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုး ငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင် ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ နှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွား မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ဇင်မာ [၁၂/ဥကမ(နိုင်)၂၀၅၀၉၂]၏ သမီးဖြစ်သူ မဖြိုးမေသူ [၁၂/ဥကမ(နိုင်)၂၄၅၄၇၇]အား မိခင်ဖြစ်သူ၏ ဆိုဆုံးမစကားကို နားမထောင်၊ မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် (၁၉-၆-၂၀၂၃) ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည် မဟုတ်ကြောင်း သိစေအပ် ပါသည်။

**ဒေါ်ဇင်မာ**
**[၁၂/ဥကမ(နိုင်)၂၀၅၀၉၂]**
**အမှတ်-တိုက်(၄)၊ အခန်းအမှတ်- ၅၊ သီရိမြိုင်(၂)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

